# အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ(LIFT)

## တောင်တန်းဒေသများစီမံကိန်း

## အယူအဆတင်ပြချက်များ ဖိတ်ခေါ်ခြင်း (CfCNs)

| | | |
|---|---|---|
| **ရည်ညွှန်းအမှတ်** | - | CfCN/LIFT/2015/1/Uplands |
| **သတင်းထုတ်ပြန်သည့်နေ့** | - | ၁၀.၇.၂၀၁၅ |
| **တင်သွင်းလွှာပိတ်ရက်** | - | ၁၀.၈.၂၀၁၅ (နေ့လယ် ၁၂နာရီ) |
| **ခေါင်းစဉ်** | - | တောင်တန်းဒေသ စီမံကိန်း |
| **အချိန်ကာလာ** | - | ရန်ပုံငွေခွင့်ပြုသည့်ကာလ ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၁ရက်နေ့မှ ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ မလွန်ခင်အထိ |

## နောက်ခံသမိုင်း

အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ(LIFT)သည် မြန်မာနိုင်ငံတွင် ၂၀၀၉ခုနှစ်၌ စတင်တည်ထောင်ခဲ့သည့် အလှူရှင်ပေါင်းစုံထည့်ဝင်လှူဒါန်းသော ရန်ပုံငွေဖြစ်ပြီး အဓိကရည်မှန်းချက်မှာ ဆင်းရဲနွမ်းပါးသော လူဦးရေပမာဏအား ထက်ဝက်ခန့်အထိလျှော့ချနိုင်ရန်ဖြစ်သည်။ LIFTသည် လက်ရှိအချိန်အထိ အလှူရှင်[1] ၁၃ဖွဲ့ထံမှ ရန်ပုံငွေများလက်ခံရရှိခဲ့ပါသည်။ ကုလသမဂ္ဂစီမံကိန်းများရုံး (UNOPS)သည် ရန်ပုံငွေများအား စီမံခန့်ခွဲ၍ ကြီးကြပ်ကွပ်ကဲပေးသည့် ရန်ပုံငွေစီမံခန့်ခွဲသူ(FM)ဖြစ်ပါသည်။

LIFTသည် မြန်မာနိုင်ငံ၏ အဓိက စိုက်ပျိုးစီးပွား-ဂေဟဇုန်(၄)ခုဖြစ်သော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ကမ်းရိုးတန်းဒေသ၊ အပူပိုင်းဒေသနှင့် တောင်တန်းဒေသများတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၁ခုနှစ်မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် သင်ယူလေ့လာခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း စီမံကိန်းများအနေဖြင့် တောင်တန်းဒေသများ အများစုအားဖြင့် ချင်း၊ ကချင်နှင့် ရှမ်းပြည်နယ်တို့တွင်လုပ်ဆောင်သော စီမံချက်(၁၅)ခုကို ရန်ပုံငွေထောက်ပံ့ပေးခဲ့သည်။ အများစုမှာ ၃နှစ် စီမံကိန်းများဖြစ်ပြီး ပိုမိုကောင်းမွန်၍ ခိုင်မာမှုရှိသောရလဒ်များ ရယူနိုင်ရန် ၂၀၁၅ခုနှစ်အထိ သက်တမ်းတိုးထားခဲ့သည်။

၂၀၁၄-၂၀၁၅ တွင် LIFTသည် ပဋိပက္ခမှလွတ်မြောက်လာသောဒေသများ၏ လိုအပ်ချက်များအား အထူးဖြည့်ဆည်းထောက်ပံ့ပေးမည့်  ဒေသဆိုင်ရာစီမံကိန်းအသစ်တစ်ခုအား မြန်မာနိုင်ငံ၏ တောင်တန်းဒေသအတွက် သီးသန့်ရေးဆွဲခဲ့သည်။ ၂၀၁၄ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၅ခုနှစ် ဇန်နဝါရီလအတွင်း၌ ကျွမ်းကျင်ပညာရှင်အဖွဲ့တစ်ဖွဲ့သည် တောင်တန်းဒေသအားလွှမ်းခြုံဆန်းစစ်မှုတစ်ခု လုပ်ဆောင်ခဲ့ကြပြီး လွှမ်းခြုံမှုအစီရင်ခံစာ[2]အား LIFTမှ စီမံကိန်းဒီဇိုင်းပုံစံစဉ်းစားရေးဆွဲရာတွင် ပဋိပက္ခအား အလေးထားတုံ့ပြန်သော အခြေခံစည်းမျဉ်းများနှင့်အတူ ရေးသားတင်သွင်းခဲ့သည်။

[1] ၂၀၁၅ခုနှစ်ဖေဖော်ဝါရီလအထိ ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စုအစိုးရများနှင့် မစ်ဆူဘီရှိကော်ပိုရေးရှင်းတို့မှ ကန်ဒေါ်လာ ၂၀၆ သန်း ထည့်ဝင်လှူဒါန်းထားသည်။

[2] LIFT တောင်တန်းဒေသလွှမ်းခြုံလေ့လာသုံးသပ်ချက်အစီရင်ခံစာ ၂၀၁၅ - ၎င်းကို ၂၀၁၅ခုနှစ်ဇူလိုင်လတွင် ဝက်ဘ်ဆိုဒ်၌ ရယူဖတ်ရှုနိုင်ပါပြီ

ဤလုပ်ဆောင်ချက်တွင် ၂၀၁၄ခုနှစ် အောက်တိုဘာလ ၁၇ရက်၌ ကျင်းပခဲ့သော တောင်တန်းဒေသရှိ မိတ်ဖက်အဖွဲ့များနှင့် ဆွေးနွေးတိုင်ပင်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲလည်းပါဝင်ပါသည်။ အစီရင်ခံစာမှ ရှာဖွေတွေ့ရှိချက်များနှင့် ပြီးစီးခဲ့သော LIFT၏ တောင်တန်းဒေသစီမံချက်များမှ လေ့လာတွေ့ရှိချက်များအပေါ်အခြေခံ၍ LIFTသည် အဓိကကဏ္ဍအလိုက် အပိုင်း(၇)ပိုင်းနှင့် ဆောင်ရွက်မည့် ဦးတည်ထားသော ရပ်ရွာလူထုအုပ်စု(၃)မျိုးအား တောင်တန်းဒေသစီမံကိန်း အခြေခံမူဘောင်အသစ် ([http://www.lift-fund.org/sites/lift-fund.org/files/uploads/Uplands/Upland%20Programme%20Framework_150701_FinalwithLink.pdf](http://www.lift-fund.org/sites/lift-fund.org/files/uploads/Uplands/Upland%20Programme%20Framework_150701_FinalwithLink.pdf)) အား ရေးဆွဲပုံဖော်ခဲ့သည်။ (အသေးစိတ်အချက်အလက်များအား နောက်ဆက်တွဲ ၁၊ လွှမ်းခြုံမှုတွင် ကြည့်ပါ။)

## အယူအဆတင်ပြချက်များ ဖိတ်ခေါ်ရခြင်းရည်ရွယ်ချက်များ

LIFTသည် လက်ရှိတွင် တောင်တန်းဒေသစီမံကိန်း၏ အပိုင်း(၆)ပိုင်းအား အကောင်အထည်ဖော်ရန် အရည်အသွေးပြည့်မီသော အဖွဲ့အစည်းများ[3]ထံမှ ကနဦးတင်ပြချက်များ လက်ခံလျက် ရှိသည်။

တောင်တန်းဒေသစီမံကိန်းအသစ်သည် LIFT၏ မဟာဗျူဟာအသစ်နှင့် ၎င်း၏ မြင့်မားသော ရလဒ်များဖြစ်သော ဝင်ငွေ၊ ကြံ့ကြံ့ခံနိုင်စွမ်း၊ အာဟာရနှင့် ဆင်းရဲနွမ်းပါးသူများအကျိုးဖြစ်ထွန်းစေမည့်(pro-poor)မူဝါဒလွှမ်းမိုးမှုတို့ တိုးတက်လာခြင်းများ၌ ပံ့ပိုးနိုင်ရန် ရည်ရွယ်သည်။ စီးပွားဖြစ်နိုင်စွမ်းရှိသော အသေးစားလုပ်ငန်းရှင်များ(တက်လှမ်း(သို့) စွမ်းရည်မြှင့်တင်ခြင်း)၊ စိုက်ပျိုးရေးမဟုတ်သော အခြားအခွင့်အလမ်းများကို ရှာဖွေနေသူများ(ထွက်ခွာ(သို့) သမာရိုးကျမှ စွန့်ခွာစွန့်စားခြင်း)၊ နှင့် ဘဝရပ်တည်မှုအတွက် လုံခြုံမှုလိုအပ်နေကြသော အိမ်ထောင်စုများ(တောင့်ထား(သို့) ခံနိုင်ရည်စွမ်း)တို့အား အဓိက ဦးတည်ဆောင်ရွက်သွားရန် ရည်ရွယ်သည်။ စည်းမျဉ်းသတ်မှတ်ချက်များအား LIFT၏ ဝက်ဘ်ဆိုဒ် ([www.lift-fund.org/strategy](http://www.lift-fund.org/strategy))တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

## ပူးပေါင်းမိတ်ဖက်ဖွဲ့မှုများ

လျှောက်ထားတင်ပြသူများသည် ၎င်းတို့၏အဖွဲ့အစည်းနှင့် ၎င်းတို့အဆိုပြုထားသော မိတ်ဖက်အဖွဲ့တို့သည် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်၌ ကျွမ်းကျင်မှုရှိကြောင်း အထောက်အထားအခိုင်အမာဖြင့် တင်ပြနိုင်ရမည်။

လျှောက်ထားတင်ပြရာတွင် မိတ်ဖက်ဖွဲ့မှုများနှင့် ပတ်သက်၍သတ်မှတ်ချက်များ မရှိသော်လည်း တင်သွင်းသူများသည် ၎င်းတို့ဆောင်ရွက်မည့် လုပ်ဆောင်ချက်များ၌ ပေါင်းစည်းအားကို ပြသနိုင်ရမည်ဖြစ်ပြီး သင့်လျော်သည့်အခြေအနေတွင် မိတ်ဖွဲ့ပူးပေါင်းရန် LIFTအနေနှင့် တိုက်တွန်းအားပေးပါသည်။ တင်သွင်းသူများသည် ကျွမ်းကျင်ပညာရှင်များအား သင့်တော်မှန်ကန်စွာ ရှာဖွေစုစည်းပြီး ၎င်းတို့အဖွဲ့ အတွင်းတွင် အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ နှင့်/သို့ ပုဂ္ဂလိကကဏ္ဍ အချိတ်အဆက်များနှင့် ပတ်သက်သော အတွေ့အကြုံလုံလုံလောက်လောက်ရှိကြောင်း သေချာစေရပါမည်။ စီမံချက်အဖွဲ့များသည် ဦးတည်ထားသော ဒေသအတွင်း ကန့်သတ်ချက်မရှိ လက်လှမ်းမီနိုင်မှု ရှိပြီးဖြစ်ကြောင်း သို့မဟုတ် ရယူနိုင်မည့်အကြောင်း ပြသနိုင်ရမည်။

ပဋိပက္ခဖြစ်လွယ်မှုနှုန်းမြင့်မားသော နေရာအတွက် ဒေသတွင်းဖွဲ့စည်းပုံများ၊ အဓိကကျသော အစိုးရဘက်အုပ်ချုပ်ရေး၊ အစိုးရမဟုတ်သောအဖွဲ့များ(NSA)နှင့် အရပ်ဘက်အဖွဲ့အစည်းများ အကျိုးတူပူးပေါင်းသူများအပါအဝင် လုံလောက်သော ဆက်စပ်နားလည်မှုများရှိသည့် မိတ်ဖက်များကို ဦးစားပေးရွေးချယ်မည်ဖြစ်သည်။ သတ်မှတ်ဖော်ပြ ထားသော မိတ်ဖက်များသည် ဒေသခံအကျိုးတူသက်ဆိုင်သူများနှင့် ယုံကြည်စိတ်ချရသော ဆက်ဆံရေးကို တည်ဆောက်ထားနိုင်ပြီးဖြစ်၍ ဒေသခံ အဖွဲ့အစည်းများသို့ စည်းမျဉ်းစနစ်များနှင့်အညီ သို့မဟုတ် အလွတ်သဘော အထောက်အကူဖြစ်သော ကူညီမှုများရှိပြီးဖြစ်ရမည်။ မိတ်ဖက်ပူးပေါင်းမှု အရည်အသွေးသည် စီမံကိန်းအဆိုပြု အယူအဆတင်ပြချက်များအား အကဲဖြတ်ရွေးချယ်ခြင်းတွင် အဓိကထည့်သွင်းစဉ်းစားမည့် အချက်ဖြစ်သည်။

---

[3] LIFT ၏လုပ်ငန်းလမ်းညွှန်တွင် "အကျုံးဝင်သောမိတ်ဖက်အဖွဲ့များတွင် မြန်မာနိုင်ငံအစိုးရ၊ နိုင်ငံတကာ နှင့် ပြည်တွင်း NGO များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပညာရေးနှင့်သုတေသနအဖွဲ့အစည်းများနှင့်ပုဂ္ဂလိကကုမ္ပဏီများပါဝင်သည်"

## ရန်ပုံငွေ ခွဲဝေချထားခြင်း

တောင်တန်းဒေသ စီမံကိန်းအခြေခံမူဘောင်တွင် အပိုင်း(၇)ပိုင်းပါဝင်သည်။ **ဤအယူအဆတင်ပြချက်များ ဖိတ်ခေါ်မှုတွင် ကျေးလက်ငွေကြေးဝန်ဆောင်မှုအပိုင်း မပါဝင်ဘဲ အပိုင်း(၆)ပိုင်းသာ အကျုံးဝင်ပါ သည်။** (နောက်ဆက်တွဲ-၁ကို ကြည့်ပါ။) ကျေးလက်ငွေကြေးဝန်ဆောင်မှုအပိုင်းအတွက် အကောင်အထည်ဖော်သည့် အစီအစဉ်များ ဤတင်ပြချက်များဖိတ်ခေါ်မှုတွင် မပါဝင်ပါ။

| **အပိုင်းများ** | | **ခွဲဝေချထားမှု** |
|---|---|---|
| *အပိုင်း ၁* | *ကျေးလက် ငွေကြေး ဝန်ဆောင်မှု* | *မပါဝင်* |
| အပိုင်း ၂ | *လယ်ယာအကြံပေး ဝန်ဆောင်မှု* | $ ၁၂ သန်း |
| အပိုင်း ၃ | *သဘာဝသယံဇာတစီမံခန့်ခွဲမှု* | $ ၅ သန်း |
| အပိုင်း ၄ | *လယ်ယာပြင်ပ အသက်မွေးဝမ်းကျောင်းမှု* | $ ၉သန်း |
| အပိုင်း ၅ | *အာဟာရဆိုင်ရာ* | $ ၈ သန်း |
| အပိုင်း ၆ | *လူမှုကာကွယ်စောင့်ရှောက်ရေး* | $ ၅ သန်း |
| အပိုင်း ၇ | *ဆင်းရဲနွမ်းပါးသူများ အကျိုးဖြစ်ထွန်းမည့်မူများ* | $ ၃ သန်း |
| **စုစုပေါင်း** | | **$ ၄၂ သန်း** |

ဤဖိတ်ခေါ်မှုတွင် တောင်တန်းဒေသစီမံကိန်း၏ အကျုံးဝင်သော အပိုင်းများအားလုံးအတွက် လျာထားသုံးငွေ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၄၂သန်း ဖြစ်သည်။

## အယူအဆတင်ပြချက်များ တင်သွင်းခြင်းအတွက် လိုအပ်ချက်များ

တင်သွင်းခြင်းအတွက်ပြင်ဆင်ရာတွင် အဓိကကျသည့် စာရွက်စာတမ်းများ-

- က) နောက်ဆက်တွဲ ၁ - အယူအဆတင်ပြချက်များ၏ လွှမ်းခြုံမှုအတိုင်းအတာ (ဦးတည်ထားသော လူဦးရေနှင့် ပါဝင်သော အပိုင်းများအတွက် အနှစ်ချုပ်ဖော်ပြချက်များ)
- ခ) နောက်ဆက်တွဲ ၂ - အယူအဆတင်ပြချက် တင်သွင်းခြင်းအတွက် ပုံစံနှင့်လိုအပ်ချက်များ။
- ဂ) နောက်ဆက်တွဲ ၃ - LIFTမှ စိစစ်ရွေးချယ်ရာတွင် အသုံးပြုမည့် စံသတ်မှတ်ချက်များ။

လျှောက်ထားမှုများအတွက် အောက်ပါအချက်များအား ကျေးဇူးပြု၍ သတိပြုပေးပါ-

- စီမံကိန်းအကြောင်း ကနဦးတင်ပြချက်များအား နောက်ဆက်တွဲ(၂)တွင် ဖော်ပြထားသည့် လိုအပ် သော သတ်မှတ်ပုံစံအတိုင်း အင်္ဂလိပ်ဘာသာ သို့မဟုတ် မြန်မာဘာသာနှင့် ပြင်ဆင်ရမည်။

- စီမံကိန်းအကြောင်း အဆိုပြုတင်ပြချက်များအား အောက်ပါအီးမေးလိပ်စာ (lift.proposals.mmoh@unops.org) မှ လက်ခံသွားမည်၊ သို့မဟုတ် CDချပ်ဖြင့်ထည့်သွင်းထားသော မိတ္တူအား LIFT ရန်ပုံငွေစီမံခန့်ခွဲမှုရုံး (လိပ်စာအားအောက်တွင်ဖော်ပြထားသည်)သို့ ပေးပို့နိုင်သည်။ **၂၀၁၅ခုနှစ်၊ ဩဂုတ်လ၊ ၁၀ရက်နေ့** ရန်ကုန်စံတော်ချိန် နေ့လယ် ၁၂နာရီ (GMT+6:30) အထိလက်ခံပါမည်။ အထက်တွင်ဖော်ပြထားသော သတ်မှတ်အီးမေးလ်လိပ်စာမှအပ အခြားမည့်သည့်လိပ်စာသို့ မတင်သွင်းရပါ။

သို့မဟုတ်ပါက **ထိုတင်ပြချက်များအားထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။** အီးမေးလ်တစ်စောင်၏ အရွယ်အစားသည် စာနှင့် တွဲဘက်ပို့သော စာရွက်စာတမ်းအပါအဝင် ၅ မဂ္ဂါဗိုက်(5MB) အထက်မကျော်လွန်ရပါ။

- စီမံကိန်းအကြောင်းကနဦးတင်ပြချက်များ၏ စာရွက်စာတမ်းအပြည့်အစုံကိုလည်း LIFTရန်ပုံငွေစီမံ ခန့်ခွဲရေးရုံး၊ အမှတ် ၁၂(O)၊ ပြည်သူ့လမ်း၊ ဂုမိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊ မြန်မာသို့ အထက်တွင် ဖော်ပြခဲ့သော နေ့ရက်၊ အချိန် မတိုင်မီ ပေးပို့ရမည်။ **အီးမေးလ်နှင့်တကွ စာရွက်စာတမ်းအပြည့်အစုံ နှစ်ခုစလုံးအား သတ်မှတ်ထားသည့်အချိန်မတိုင်ခင်ပေးပို့နိုင်ခြင်းမရှိပါက အဆိုပါ တင်ပြချက်များအား ငြင်းပယ်မည်ဖြစ်သည်။**

- စီမံကိန်းအကြောင်းအယူအဆတင်ပြချက်များ ပြင်ဆင်ချိန်၊ စပ်လျဉ်းသည့် အဆိုပြုလွှာနှင့် ရန်ပုံငွေ သဘောတူညီချက်ရရှိရေး ညှိနှိုင်း ဆွေးနွေးစဉ်ကာလအတွင်း ကုန်ကျစရိတ်များ(ခရီးသွားလာစရိတ် အပါအဝင်)အား ပြန်လည်ထုတ် ပေးမည် မဟုတ်သကဲ့သို့ လုပ်ငန်း၏ တိုက်ရိုက်ကုန်ကျစရိတ်၌လည်း ထည့်သွင်းခွင့်မရှိပါ။

အခြား မရှင်းလင်းသော အကြောင်းအရာများအတွက် lift@unops.org သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ ရှင်းလင်းချက်များအား အောက်ဖော်ပြပါ ဝက်ဘ်ဆိုဒ်များ တွင် ဖော်ပြထားမည်ဖြစ်သည်။

http://lift-fund.org
https://www.unops.org/english/Opportunities/suppliers/Pages/Grant-advertisement.aspx

အခြား သတိပြုရန်တစ်ခုမှာ ရွေးချယ်ခံရသူများအား http://www.lift-fund.org/guidelines တွင် ဖော်ပြထားသည့် LIFT၏လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်မျှော်လင့်ထား သည်။ လမ်းညွှန်ချက်တွင် အစီရင်ခံခြင်း၊ ဝယ်ယူခြင်း၊ စာရင်းများစီမံခန့်ခွဲခြင်း၊ မှတ်တမ်းထိန်းသိမ်းခြင်းနှင့် ထင်လင်းမြင်သာစေခြင်းတို့နှင့် သက်ဆိုင်သော LIFT၏ စည်းမျဉ်းသတ်မှတ်ချက်များအား ဖော်ပြထားသည်။

## အယူအဆတင်ပြချက်များ စိစစ်ရွေးချယ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းစဉ်

သုံးသပ်အကဲဖြတ်ရေး ကော်မတီ(Evaluation Committee- EC)သည် အဆိုပြုချက်တစ်ခုချင်းစီ၏နည်းပညာ ပိုင်းနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် အကဲဖြတ်ခြင်းအား လုပ်ဆောင်သွားမည်ဖြစ်သည်။ ဤ သုံးသပ် အကဲဖြတ်ခြင်း၏ တစ်စိတ်တစ်ဒေသအဖြစ် LIFTသည် တင်သွင်းချက်များ၏ နည်းပညာဆိုင်ရာ၊ ကုန်ကျစရိတ် သို့မဟုတ် လျှောက်ထားသူများနှင့် စပ်လျဉ်းသော အခြားကဏ္ဍများအကြောင်းကို ဆွေးနွေးနိုင်ရန် ရွေးချယ်မည်ဖြစ်သည်။ သုံးသပ်အကဲဖြတ်ရေးကော်မတီသည် အဆိုပြုချက်များအား အဆင့်(၂)ဆင့်ဖြင့် စိစစ်ရွေးချယ်သွားမည် ဖြစ်သည်။

၁။ ပဏာမအဆင့် ရွေးချယ်ခြင်း

- သုံးသပ်အကဲဖြတ်ရေးကော်မတီသည် တင်ပြချက်တစ်ခုစီတိုင်းအား နောက်ဆက်တွဲ ၃တွင် ဖော်ပြထားသော သတ်မှတ်ချက်များကို အသုံးပြု၍ အကဲဖြတ်သွားမည်ဖြစ်သည်။ LIFT၏ မဟာဗျူဟာ၊ တောင်တန်းဒေသ စီမံကိန်းအခြေခံမူဘောင်တို့နှင့် ညီညွတ်မှုမရှိသော သို့မဟုတ် နောက်ဆက်တွဲ(၃)၌ ဖော်ပြထားသော သတ်မှတ်ချက်များနှင့် ပြည့်မီခြင်းမရှိသော တင်ပြချက်များအား ငြင်းပယ်မည် ဖြစ်သည်။
- ပဏာမအဆင့်တွင် ရွေးချယ်ခြင်းခံရသော တင်ပြချက်များ၏ အကဲဖြတ်မှုအပြည့်အစုံအား LIFT ရန်ပုံငွေ ဘုတ်အဖွဲ့ထံသို့ မှတ်ချက်များနှင့်တကွ ပေးပို့မည်ဖြစ်သည်။

၂။ LIFT ရန်ပုံငွေဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်

- ရန်ပုံငွေဘုတ်အဖွဲ့သည် ကနဦးတင်ပြချက်အား အဆိုပြုလွှာအပြည့်အစုံအဖြစ်ရေးဆွဲရန် ရွေးချယ်သွားမည်ဖြစ်ပြီး တင်သွင်းသူများအား မှတ်ချက်များ ပံ့ပိုးသွားမည်ဖြစ်သည်။

၃။ အဆိုပြုလွှာအပြည့်အစုံရေးဆွဲခြင်း

- ရွေးချယ်ခံထားရသော တင်ပြချက် တင်သွင်းသူများကို အဆိုပြုလွှာတင်သွင်းရန်အတွက် ဖိတ်ခေါ်သွားမည်။ အဆိုပြုလွှာဖိတ်ခေါ်ခြင်းတွင် အဆိုပြုလွှာတင်သွင်းခြင်း လိုအပ်ချက်၊ သတ်မှတ်ချက် အပြည့်အစုံအား ဖော်ပြသွားမည်ဖြစ်သည်။
- သုံးသပ်အကဲဖြတ်ရေးကော်မတီသည် ရွေးချယ်ခံထားရသော တင်သွင်းသူများနှင့် တွေ့ဆုံ ၍ ၎င်းတို့၏ ကနဦးတင်ပြချက်နှင့် ရန်ပုံငွေဘုတ်အဖွဲ့မှ မှတ်ချက်တို့အား ဆွေးနွေး မည်။

ရွေးချယ်ခံရသော အဆိုပြုလွှာများအား LIFT၏ ရန်ပုံငွေစီမံခန့်ခွဲသူဖြစ်သော UNOPS နှင့် ရန်ပုံငွေသဘော တူညီမှုရရှိပြီးချိန်တွင် စတင်အကောင်အထည်ဖော်ဆောင်ရမည်ဖြစ်သည်။ ရွေးချယ်ခြင်းမခံရသော အဆိုပြုလွှာများအား ပြန်လည်ပေးပို့မည်မဟုတ်ပါ။

## အစီအစဥ် အချိန်ဇယား

LIFTသို့ အယူအဆတင်ပြချက် နောက်ဆုံးတင်သွင်းရမည့် အချိန်၊ နေ့ရက်မှအပ အောက်တွင်ဖော်ပြထားသော နေ့ရက်များသည် အကြမ်းဖျင်းသတ်မှတ်ချက်သာ ဖြစ်သည်။ သုံးသပ်အကဲဖြတ်ကော်မတီသည် တင်ပြချက်များအား အကဲဖြတ်ရွေးချယ်ရာတွင် လျင်မြန်နိုင်သကဲ့သို့ အချိန်ပိုယူရသည့် ဖြစ်စဥ်မျိုးလည်းရှိနိုင် ပါသည်။

အချိန်ဇယားကို ရန်ပုံငွေဘုတ်အဖွဲ့မှ တင်ပြချက်များအားရွေးချယ်ပြီးနောက် ဖော်ပြပါ အစီအစဥ် အချိန်ဇယားသည် ယာယီရည်ရွယ်ထားခြင်းသာ ဖြစ်ပြီး ကန့်သတ်အဆိုပြုလွှာ ဖိတ်ခေါ်ချိန်တွင် ပြန်လည်ပြင်ဆင်မည်ဖြစ်သည်။ တင်သွင်းသူများအနေနှင့် အစီအစဥ်တစ်ခုလုံး၏ အကျဉ်းချုပ်အား နားလည်နိုင်ရန် အချိန်ဇယားကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

| ***အစီအစဥ် အကြောင်းအရာ*** | ***နေ့ရက်*** |
|---|---|
| အယူအဆတင်ပြချက်ဖိတ်ခေါ်ခြင်း သတင်း ထုတ်ပြန်ရက် | ၂၀၁၅ခုနှစ်၊ ဇူလိုင်လ၊ ၁၀ရက်၊ သောကြာနေ့ |
| စုံစမ်းမေးမြန်းမှုများ ရေးသားပေးပို့နိုင်သော နောက်ဆုံးရက် | ၂၀၁၅ခုနှစ်၊ ဇူလိုင်လ၊ ၂၉ရက်၊ ဗုဒ္ဓဟူးနေ့ |
| နောက်ဆုံးအကြိမ် ပြန်လည်ဖြေကြားချက်များ ရေးသားထုတ်ဝေရက် | ၂၀၁၅ခုနှစ်၊ ဩဂုတ်လ၊ ၄ရက်၊ အင်္ဂါနေ့ |
| **အယူအဆတင်ပြချက်နောက်ဆုံးထား တင်သွင်းလျှောက်ထားရမည့်အချိန်** | **၂၀၁၅ခုနှစ်၊ ဩဂုတ်လ၊ ၁၀ရက်၊ တနင်္လာနေ့** |
| အယူအဆတင်ပြချက်ရွေးချယ်ခြင်း | စက်တင်ဘာလ ၂၂ရက် အင်္ဂါနေ့ |
| *ကန့်သတ် အဆိုပြုလွှာ ဖိတ်ခေါ်ခြင်း သတင်းထုတ်ပြန်ရက်* | *စက်တင်ဘာလ ၂၅ရက် သောကြာနေ့* |
| *အဆိုပြုလွှာ အပြည့်အစုံ တင်သွင်းခြင်း* | *အောက်တိုဘာလ ၂၆ရက် တနင်္လာနေ့ နေ့လယ်* |
| *သုံးသပ်ခြင်း နှင့် ရန်ပုံငွေဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်* | *ဒီဇင်ဘာလ ၉ရက် ဗုဒ္ဓဟူးနေ့* |
| *ရန်ပုံငွေ သဘောတူညီမှုအတွက် ညှိနှိုင်းခြင်း* | *၂၀၁၅ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၆ခုနှစ် ဇန်နဝါရီလ* |

**ဤစီမံကိန်းအကြောင်းအယူအဆတင်ပြချက် ဖိတ်ခေါ်ခြင်းမှ သဘောတူညီချုပ်ဆိုမှုများသည် ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလထက် သက်တမ်းတိုးကျော်လွန်၍ မရပါ။**

အစီအစဉ်အချိန်ဇယားအရ သဘောတူညီချုပ်ဆိုမှုများအား ၂၀၁၆ခုနှစ် ဇန်နဝါရီလ အစောဆုံးထား၍ လက်မှတ်ရေးထိုးနိုင်ရန် မျှော်မှန်းသည်။ သို့ဖြစ်၍ ချုပ်ဆိုမှုသက်တမ်းအား အများဆုံး(၃)နှစ် မျှော်မှန်းသတ်မှတ်ထားသည်။

## နောက်ဆက်တွဲ ၁ - စီမံကိန်းအကြောင်းအယူအဆတင်ပြချက်များ၏ လွှမ်းခြုံမှုအတိုင်းအတာ

တင်သွင်းသူသည် အဆိုပြုထားသော အကောင်အထည်ဖော်ဆောင်ရွက်ချက်များသည် LIFT၏ မဟာဗျူဟာ (www.lift-fund.org/strategy) နှင့် တောင်တန်းဒေသစီမံကိန်းအခြေခံမူဘောင်စာတမ်း (http://www.lift-fund.org/sites/lift-fund.org/files/uploads/Uplands/Upland%20Programme%20Framework_150701_FinalwithLink.pdf) တို့၌ ဖော်ပြထားသော အကျိုးရလဒ်များ၊ လက်ငင်းအကျိုးများနှင့် မည်မျှညီညွတ်မှုရှိကြောင်း ဖော်ပြနိုင်ရမည်။

အခြားသော LIFT၏ လမ်းညွှန်ချက်များအားလည်း အလျဉ်းသင့်သလို ထည့်သွင်းစဉ်းစားရမည်။ အထူးသဖြင့် LIFT၏ ကျား-မရေးရာတန်းတူညီမျှမှုမဟာဗျူဟာ (www.lift-fund.org/guidelines) နှင့် LIFT၏ တာဝန်ခံမှု အခြေခံမူဘောင် (www.lift-fund.org/publications) တို့ကို ဂရုပြုရမည်။

## ဦးတည်လူထု

မြန်မာနိုင်ငံ၏ တောင်တန်းဒေသသည် လက်လှမ်းမီနိုင်မှု၊ စိုက်ပျိုးဖြစ်ထွန်းမှု၊ လူမှု-နိုင်ငံရေးအခြေအနေ၊နှင့် စီးပွားရေးဖွံ့ဖြိုးမှုများအားဖြင့် ထွေပြားစွာ လည်ပတ်နေသည့်ဝန်းကျင်တစ်ခုဖြစ်သည်။ တောင်တန်းဒေသတစ်ခုလုံးတွင် ပါဝင်သောဇုန်ခွဲများအားလုံးကို ခြုံငုံမိရန်မှာ မဖြစ်နိုင်သော်လည်း အဆိုပြုထားသော စီမံကိန်းသည် ဦးတည်လူထု သို့မဟုတ် လုပ်ငန်းလည်ပတ်မှုပုံစံ တစ်သီးတစ်သန့်စီ လိုအပ်သော အနေအထားအား(၃)မျိုးခွဲခြားထားသည်။

### *၁) နေရပ်စွန့်ခွာရွှေ့ပြောင်းခဲ့ရသူများ*

---

ယာယီစခန်းများ၏ အတွင်း၊ အပြင်တွင်ရှိသော နေရပ်စွန့်ခွာရွှေ့ပြောင်းခဲ့ရသူများ(Internally Displaced Persons - IDPs) သည် စီမံချက်၏ အရေးပါသော ဦးတည်အုပ်စုဖြစ်သည်။ ၎င်းတို့တွင် ခေတ္တယာယီ အားဖြင့်သော်လည်းကောင်း ရေရှည်အတွက်သော်လည်းကောင်း ပုံမှန်အမြဲရွှေ့ပြောင်းနေရသူ များနှင့်  ကောင်းမွန်လုံခြုံပြီး တည်ငြိမ်တိုးတက်သော ဘဝရရှိရန်အတွက် ရှာဖွေနေသော လူများ၊ အိမ်ထောင်စုများနှင့် ရပ်ရွာတို့ ပါဝင်ပါသည်။ ထို့ပြင် ရွှေ့ပြောင်းလာသူများအား လက်ခံပေးသော ရပ်ရွာလူထုအနေဖြင့် လူသစ်များရွှေပြောင်းဝင်ရောက်မှုအား စီမံနိုင်ရေး၊ ဝင်လာသော လူသစ်များအတွက် ကျေးရွာအတွင်းရှိ ဝန်ဆောင်မှုများအားတိုးချဲ့ပေးနိုင်စေရေးနှင့် ကျေးရွာလူထုနှင့် တပေါင်းတစည်းတည်းဖြစ်ရေးတို့အတွက်လည်း စီမံကိန်းမှ ရည်ရွယ်ပါသည်။

နေရပ်စွန့်ခွာသူတော်တော်များများသည် အပစ်အခတ်ရပ်စဲထားသော နေရာများတွင် တည်ရှိနေပြီး ယင်းမှာ LIFT ၏ လုပ်ငန်းဆောင်ရွက်မှုအတွက် ကြီးမားသော စိန်ခေါ်ချက်များဖြစ်ကာ ပဋိပက္ခ ဖြစ်နိုင်မှုနှုန်းမှာလည်း မြင့်မားလျက်ရှိသည်။ စီမံကိန်းသည် ပဋိပက္ခဖြစ်ပွားလျက်ရှိသောနေရာများတွင် လုပ်ငန်းဆောင်ရွက်မှုမပြုပါ။

LIFT၏ ဖွံ့ဖြိုးရေး ထောက်ပံ့မှုသည် ရှိနေပြီးသော လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် ယှဉ်တွဲ နေမည်ဖြစ်သော်လည်း နေရပ်စွန့်ခွာအိမ်ထောင်စုများအား မိမိကိုယ်တိုင်ရပ်တည်နိုင်သော ကာလရှည် အသက်မွေးဝမ်းကျောင်းနိုင်မှုအခြေအနေသို့ ကူးပြောင်းနိုင်ရန်ကို အဓိကအာရုံစိုက်လုပ်ဆောင်မည်ဖြစ်သည်။  ရည်ရွယ်သည်မှာ နေရပ်စွန့်ခွာရွှေ့ပြောင်းသူများအနေဖြင့် အတည်တကျအခြေချရာ၌ဖြစ်စေ၊ သို့မဟုတ် ကျေးလက်မြို့သာမက အခြားနေရာတွင်ပါ အလုပ်အကိုင် အခွင့်အလမ်းသစ်များ ရရှိခြင်းဖြင့်ဖြစ်စေ ၎င်းတို့၏ဘဝအား ပြန်လည် တည်ဆောက်ပြီး အနာဂတ်အတွက် စတင်တွေးခေါ်စီစဉ်နိုင်ရန် ကူညီခြင်းဖြစ်သည်။

***၂) စားနပ်ရိက္ခာဖူလုံမှုနည်းပါးပြီး ဝန်ဆောင်မှုများနှင့်လက်လှမ်းမမီသော ဝေးလံခေါင်ဖျားသည့် တောင်တန်းဒေသနေရပ်ရွာလူထုအဖွဲ့အစည်း***

တောင်တန်းဒေသမှ ဧရိယာတော်တော်များများသည် ဝေးလံခေါင်ဖျား၍ လူနေကျဲပါးသည်၊ အထူးသဖြင့် မြေမျက်နှာပြင်မြင့်မားပြီး သစ်တောထူထပ်ဆဲနေရာများတွင်ဖြစ်သည်။ သမာရိုးကျအားဖြင့် ဝေးလံသောဒေသမှ ရပ်ရွာလူထုများသည် ရွှေ့ပြောင်းတောင်ယာ၊ မွေးမြူရေးနှင့် သစ်တောရင်းမြစ်များအပေါ်တွင် ဘဝရပ်တည်နေရသော အိမ်ထောင်စုများဖြစ်သည်။ ဤရပ်ရွာလူထုများသည် အစိုးရ၏ ဝန်ဆောင်ထောက်ပံ့မှုများကို လက်လှမ်းမီမှုနည်းပြီး အာဟာရနိမ့်ပါးချို့တဲ့သော အနေအထားတွင် ရှိနေသည်။ သို့ရာတွင် စီးပွားရေးလုပ်ငန်းများ ဝင်ရောက်လာခြင်းနှင့် အချို့သောနေရာများတွင် ရွှေ့ပြောင်းနေထိုင်မှုတိုးမြင့်လာခြင်းတို့ကြောင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုများ ပြောင်းလဲလာနေသည်။ ဤဖြစ်စဉ်သည် အခွင့်အလမ်းအသစ်များကို ဖန်တီးပေးသည်။

တောင်တန်းဒေသအတော်များများသည် "အညိုရောင်အဆင့်နယ်မြေများ" ဖြစ်၍ အစိုးရနှင့် တိုင်းရင်းသားအုပ်ချုပ်ရေး ပိုင်းတို့အကြား ရှုပ်ထွေးသော နိုင်ငံရေးအခြေအနေတွင်ရှိနေသည်။ ဤကဲ့သို့သော အနေအထားတွင် စီမံကိန်းသည် ပဋိပက္ခများကိုအလေးထားတုံ့ပြန်သောချဉ်းကပ်မှုကို ကျင့်သုံးမည် ဖြစ်သည်။

စီမံကိန်းသည် ရပ်ရွာလူထုအတွက် လယ်ယာပြင်ပ၊ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်း အသစ်များကို ဖော်ထုတ်တိုးချဲ့ပေးမည်။ ထို့ပြင် ရွှေ့ပြောင်းနေထိုင်မှုနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထောက်အပံ့များအား စဉ်းစားပေးသွားမည်ဖြစ်သည်။ ဂန်ဆောင်မှုနိမ့်ပါးသော ဒေသများတွင် အာဟာရဆိုင်ရာ၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှု ၊ အများပြည်သူ ထောက်ပံ့ဂန်ဆောင်မှုများအားလက်လှမ်း မီနိုင်မှုတို့ကို တိုးမြှင့်ရန် LIFTသည် ရပ်ရွာလူထုနှင့် ပူးပေါင်း၍ လုပ်ဆောင်သွားမည်ဖြစ်သည်။

***၃) တန်ဖိုးကွင်းဆက် ဖွံ့ဖြိုးမှုတွင် ပါဂင်နိုင်စွမ်းရှိသည့် ကုန်ထုတ်စွမ်းအားရှိသောလူထု***

အဓိက ကျေးလက် မြို့နယ်များနှင့် မြန်မာနိုင်ငံ၏ နယ်စပ်နှင့်ဆက်သွယ်ထားသော လမ်းမများနှင့်နီးသော ဒေသများတွင် ဒေသခံသာမက ကျေးလက်နေပြည်သူများအတွက် ဈေးကွက်နှင့် အလုပ်အကိုင်ဖန်တီးနိုင်သော အားသာချက်ရှိသည်။ အဆိုပါနေရာဒေသများသည် နိုင်ငံ၏ တက်ကြွလှုပ်ရှားမှုအရှိဆုံးနေရာများထဲတွင်ရှိနေပြီး လုပ်ကွက်ငယ်လယ်သမား များနှင့် မြေယာမဲ့အိမ်ထောင်စုများအတွက် လယ်ယာလုပ်ငန်းအပိုင်းတွင်သာမက အသေးစား စိုက်ပျိုးစီးပွားလုပ်ငန်း ကိုပါ တက်လှမ်းနိုင်ရန်နှင့် လယ်ယာပြင်ပ အလုပ်အကိုင်များဆီသို့ ထွက်ခွာနိုင်ရန် ကြီးမား များပြားသော အခွင့်အရေးများကို ပေးအပ်နေသည်။

ကူညီထောက်ပံ့မှုသည် ကျေးလက်အိမ်ထောင်များအား တန်ဖိုးကွင်းဆက်ချဉ်းကပ်နည်းနှင့် ပုဂ္ဂလိက ကဏ္ဍများနှင့် တက်ကြွစွာ ပူးပေါင်း ပါဂင်ခြင်းတို့အားဖြင့် လယ်ယာတွင်းနှင့် လယ်ယာပြင်ပ စီးပွားရေး အခွင့်အလမ်းများတွင် ပါဝင်ဆောင်ရွက်စေမည်။ ၎င်းတို့သည် လယ်သမားအဖွဲ့အစည်းများ ထူထောင်ခြင်း၊ စိုက်ပျိုးရေး ထောက်ပံ့ဝန်ဆောင် မှုများအား ပိုမိုလက်လှမ်းမီနိုင်ခြင်းနှင့် ထွက်ကုန်များရောင်းချခြင်းအတွက် ပို၍ကောင်းမွန်သောစာချုပ်ချုပ်ဆိုခြင်း များတွင် ကူညီပေးမည်။ ရည်ရွယ်ချက်မှာ စိုက်ပျိုးထုတ်လုပ်သူနှင့် စီးပွားလုပ်ငန်းများ (ကျေးရွာလူထုအဖွဲ့အစည်း များအဖြစ်မဟုတ်ဘဲ)အဖြစ် တူညီသော တန်ဖိုးကွင်းဆက်အတွင်း လုပ်ဆောင်နိုင်ကြစေရန်ဖြစ်သည်။ စီမံကိန်းသည် လုပ်ကွက်ငယ်လယ်သမားများအတွက် လယ်ယာလုပ်ပိုင်ခွင့် တိုးမြှင့်ရန်၊ လယ်ယာပြင်ပဒေသတွင်း အလုပ်အကိုင် ဖန်တီးနိုင်မှု အခွင့်အလမ်းသစ်များနှင့် ရွှေ့ပြောင်း အခြေချနေထိုင်မှုများအတွက် ရွေးချယ်နိုင်ခွင့်နည်းလမ်းများအား စဉ်းစားပေးမည်ဖြစ်သည်။

## ပထဝီအနေအထားအလိုက် ဦးတည်ခြင်း

အလေးထားဒေသများနှင့် ပတ်သက်၍ တင်သွင်းသူများအား လမ်းညွှန်ရန် ဦးတည်လူထုတစ်စုစီအတွက် အလားအလာရှိသော ဦးတည်ဒေသများအား ဖော်ပြထားသည်။ ၎င်းတို့မှာ အကြံပြုချက်များပင်ဖြစ်ပြီး သတ်မှတ်ချက်လည်းမဟုတ်သကဲ့သို့ ရည်ရွယ်မှုမှာကျယ်ပြန့်သောကြောင့် တင်သွင်းသူများအနေနှင့် ၎င်းတို့၏

စီမံချက်အကြောင်းကနဦးတင်ပြချက်အတွက် သင့်လျော်သော ဒေသလွှမ်းခြုံမှုကို သတ်မှတ်နိုင်ပါသည်။ သို့သော် ဒေသလွှမ်းခြုံမှု အနက်ဖွင့်ဆိုတင်ပြချက်သည် လက်တွေ့ကျ၍ သက်ရောက်မှုအတိုင်းအတာကိုလည်း ထည့်သွင်းစဉ်စားရမည်။ သို့မှသာ ပျံ့နှံ့မှုနည်းပါးလွန်းခြင်းကို ရှောင်ရှားနိုင်မည် ဖြစ်သည်။

| ဦးတည်ထားသော လူထု | ဦးတည်ထားသော ဒေသများ |
|---|---|
| **#၁- နေရပ်စွန့်ခွာ ရွှေ့ပြောင်းခဲ့ရသည့်လူထု** | • မြစ်ကြီးနားနှင့် ဗန်းမော်တဝိုက် ကချင်ပြည်နယ် အရှေ့တောင်ပိုင်း<br>• ကျောက်မဲ-လာရှိုးလမ်းကြောတဝိုက် ရှမ်းပြည်နယ်မြောက်ပိုင်း<br>• အရှေ့တောင်ပိုင်းမှ ကယား၊ ကရင်၊ မွန်ပြည်နယ်များနှင့်တနင်္သာရီ တိုင်းဒေသကြီး |
| **#၂- ဝေလံခေါင်ဖျားသောအရပ်ဒေသတွင် နေထိုင်သော ရပ်ရွာလူထုအဖွဲ့ အစည်း** | • အဓိက စီးပွားရေးလမ်းကြောင်းပြင်ပရှိ ရှမ်းပြည်နယ် မြောက်ပိုင်း၊ တောင်ပိုင်းနှင့် အရှေ့ပိုင်း<br>• ချင်းပြည်နယ်<br>• ကချင်ပြည်နယ် မြောက်ပိုင်း<br>• စစ်ကိုင်း-နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |
| **#၃- ကုန်ထုတ်စွမ်းအားရှိသောရပ်ရွာလူထု** | • ရှမ်းပြည်နယ် မြောက်ပိုင်း-ပြင်ဦးလွင်-လားရှိုး-မူဆယ် လမ်းကြော<br>• ရှမ်းပြည်နယ် တောင်ပိုင်းနှင့် ကယား - ကလော-တောင်ကြီး- လွိုင်ကော် တြိဂံဒေသ<br>• ကရင်ပြည်နယ် - ဘားအံ-မြဝတီလမ်းကြော<br>• ချင်းပြည်နယ် မြောက်ပိုင်း - ဟားခါး-တီးတိန်-ကလေးလမ်းကြော |

အဆိုပြုထားသော စီမံချက်အတွက် ပထဝီဒေသလွှမ်းခြုံမှုအား ကနဦးတင်ပြချက်များ၊ အဆိုပြုလွှာများ စိစစ်အကဲဖြတ်ချိန် နှင့် သဘောတူစာချုပ်အတွက်ညှိနှိုင်းစဉ်ကာလတလျှောက် ပြန်လည်ပြင်ဆင်နေမည်ဖြစ်ပြီး ရွေးချယ်ထားသောလွှမ်းခြုံမှုသည် လိုအပ်သော အတိုင်းအတာလွှမ်းခြုံမှု၊ ပြီးပြည့်စုံမှုနှင့် အမျိုးမျိုးသော စတင်ဖော်ဆောင်ချက်များ၏ ပေါင်းစည်းစွမ်းအားကို သေချာမှုရှိစေရမည်။ စီမံကိန်းဆောင်ရွက်မှုများအား အကောင်းဆုံးသော လိုက်လျောညီထွေမှုနှင့် ထိရောက်အကျိုးရှိမှုတို့ကို ရရှိနိုင်အတွက် တင်သွင်းသူများအနေဖြင့် အခြားသောအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ပေါင်းစည်စွမ်းအားကို ဖော်ဆောင်ပြသရန် တိုက်တွန်းအားပေးပါသည်။

## စီမံကိန်းအကြောင်း အယူအဆတင်ပြချက်တွင် ရှင်းလင်းဖော်ပြရမည့် အပိုင်းများနှင့် ရလဒ်များ

အောက်ဖော်ပြပါ တောင်တန်းဒေသ စီမံကိန်းအပိုင်းများသည် ကူညီပံ့ပိုးမှုကွဲပြားသော သက်ဆိုင်ရာဒေသအလိုက် ရှင်းလင်းဖော်ပြမည်ဖြစ်သည်။ တစ်ခုစီတွင် ဆက်စပ်လျက်ရှိသော စီမံချက်လုပ်ငန်းများမှပံ့ပိုးရမည့် အဓိကရလဒ် တစ်ခုပါဝင်နေသည်။ အဆိုပြုထားသော စီမံချက်များသည် တစ်ခု (သို့) တစ်ခုထက် ပိုသော စီမံကိန်း အပိုင်းများနှင့် ၎င်းတို့၏ သက်ဆိုင်ရလဒ်များအတွက် ပံ့ပိုးလုပ်ဆောင်ပေလိမ့်မည်။

အပိုင်းတစ်ခုစီသည် ဦးတည်ထားသော ရပ်ရွာလူထု နှင့်/သို့ နယ်မြေ၏ ဒေသတွင်းဆိုင်ရာအနေအထား၊ လိုအပ်ချက်များ၊ အခွင့်အလမ်းများအရ ဦးတည်လူထု(၃)အုပ်စုနှင့် တစ်နည်းမဟုတ်တစ်နည်းနှင့် ကိုက်ညီမှုရှိစွာ အသုံးပြုနိုင်စွမ်းရှိရမည်။

ကနဦးတင်ပြချက်များအားလုံးတွင် စားနပ်ရိက္ခာဖူလုံမှုနှင့် အစာအာဟာရအတွက် မည်သို့ ထောက်ကူပံ့ပိုး(တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍)ကြောင်း ရှင်းလင်းဖော်ပြရမည်။ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းကြောင်း ဖော်ထုတ်ရေးသား ထားသော တင်ပြချက်တွင် အဆိုပြုထားသော ကူညီထောက်ပံ့မှုများသည် ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးမှုနှင့် မည်သို့ကိုက်ညီမှုရှိကြောင်း ရှင်းလင်းဖော်ပြရမည်။

ကနဦးတင်ပြချက်များသည် အမျိုးသမီးများအနေဖြင့် စီမံချက်အကျိုးကျေးဇူးများအား တန်းတူရရှိနိုင်စေရေးအပါအဝင် ကျား-မရေးရာအား မည်သို့ကိုင်တွယ်ဖြေရှင်းမည့်အကြောင်း တိကျရှင်းလင်းစွာ ဖော်ပြနိုင်ရမည်။

စီမံချက်အထောက်အထားများမှရရှိသော သင်ခန်းစာများဖြင့် LIFT၏ ရည်မှန်းထားသော အကျိုးရလဒ်များ (LIFT မဟာဗျူဟာကိုကြည့်ပါ)ကို မည်သို့ထောက်ကူမည့်အကြောင်း ရှင်းလင်းနိုင်ရမည်။ ၎င်းတွင် ဖွံ့ဖြိုးရေးအပြောင်းအလဲများနှင့်တိုးတက်မှုများအားထောက်ကူမည့် မူဝါဒအပြောင်းအလဲ၊ ပြည်သူ့အသုံးစရိတ်ဆုံးဖြတ်ချက်များ သတ်မှတ်ဖော်ပြချက်များပါဝင်သည်။ မြေယာနှင့်သဘာဝအရင်းမြစ်များအား တန်းတူညီမျှ ရေရှည်ရရှိနိုင်ရေးအတွက် မူဝါဒနှင့် အလေ့အကျင့်များအပေါ် ဩဇာသက်ရောက်စေမှုသည်လည်း တောင်တန်းဒေသအတွက် အထူးအရေးပါသည်။

အကျိုးရလဒ်များကို ရှင်းလင်းချက်အကျဉ်းဖြင့် အောက်ပါအတိုင်းဖော်ပြထားသည်။ (သတိပြုရမည်မှာ အပိုင်း၁ သည် ဤဖိတ်ခေါ်ချက်တွင် မပါဝင်ပါ။) ပို၍ ပြီးပြည့်စုံသော ဖော်ပြချက်အား  တောင်တန်းဒေသများစီမံကိန်း အခြေခံမူဘောင်တွင် တွေ့ရှိနိုင်သည်။

## *အပိုင်း ၂ - လယ်ယာအကြံပေးဝန်ဆောင်မှုများနှင့် ကုန်ထုတ်လုပ်သူအုပ်စုများ*

*အကျိုးရလဒ် - လယ်ယာအကြံပေးဝန်ဆောင်မှုများ၊ ကုန်ထုတ်လုပ်သူအုပ်စုများထူထောင်ခြင်းနှင့် တန်ဖိုးကွင်းဆက်မှ အခွင့်အလမ်းများပိုမိုရရှိခြင်းကြောင့် လုပ်ကွက်ငယ်လယ်သမားများသည် လယ်ယာအထွက်နှုန်းတိုး၍ ဝင်ငွေတိုးလာသည်။*

ဤအပိုင်းသည် လုပ်ကွက်ငယ် လယ်သမားများကို ဦးတည်ဆောင်ရွက်မည်ဖြစ်သည်။ ၎င်း၏ ရည်ရွယ် ချက်မှာ လုပ်ကွက်ငယ်လယ်သမားများအား "တက်လှမ်း"ရန်နှင့် အောက်ဖော်ပြပါအချက်များအားဖြင့် စိုက်ပျိုးထွက်ကုန်တိုးမြှင့်ရန်၊ ဝင်ငွေရရှိရန်နှင့် စားနပ်ရိက္ခာအမျိုးအစားစုံလင်မှုရှိလာရန် ပံ့ပိုးခြင်းဖြစ်သည်။

- တိုးချဲ့စိုက်ပျိုးရေးနှင့် လယ်ယာအကြံပေးဝန်ဆောင်မှုများ၊
- အရည်အသွေးမီသွင်းကုန်များ၊ အသေးစားစက်ကိရိယာများ၊ သိုလှောင်မှုနှင့်ကြိတ်ခွဲသန့်စင် စက်ကိရိယာများ၊
- သီးနှံသစ်တောရောနှောစိုက်ပျိုးမှုစနစ်အား ပံ့ပိုးကူညီခြင်း၊ တန်ဖိုးမြင့် နှစ်ရှည်ခံ တန်ဖိုးကွင်းစက်များ
- ကုန်ထုတ်စွမ်းရှိသော ထုတ်လုပ်သူအုပ်စုများအား ဖွဲ့စည်းမှုပိုင်းဆိုင် အထောက်အပံ့ပေးခြင်း
- အားလုံးပါဝင်သောစီးပွားရေး စီမံချက်များ၊ ဈေးကွက်မြင့်တင်ခြင်းနှင့် စာချုပ်ချုပ်ဆိုရေး ကူညီပံ့ပိုးမှု တို့ဖြစ်သည်။

## *အပိုင်း ၃ - တန်းတူညီမျှမှုရှိသော ရေရှည်ခံသည့် သယံဇာတစီမံခန့်ခွဲမှု*

*အကျိုးရလဒ် - ကျေးလက်နေ အိမ်ထောင်စုများသည် ဒေသတွင်း သယံဇာတများကို တန်းတူညီမျှလက်လှမ်းမီလာကြပြီး ရေရှည်အသုံးပြုနိုင်ခြင်းကြောင့်  ပို၍ ကြံ့ကြံ့ ခံနိုင်လာကြသည်။*
*အကျိုးရလဒ် - အမျိုးသမီးများသည်  သယံဇာတစီမံခန့်ခွဲမှုဆိုင်ရာ အဆုံးအဖြတ်ချမှတ်ရေးလုပ်ငန်းစဉ်တွင် ပါဝင်လာကြပြီး မြေယာကိုလည်း တန်းတူညီမျှ လက်လှမ်းမီလာကြသည်။*

ဤအပိုင်းသည် လုပ်ကွက်ငယ်လယ်သမားများနှင့် ဒေသခံလူထုတို့အား ၎င်းတို့၏ ဒေသတွင်းသယံဇာတများအား ရယူနိုင်ပြီး ရေရှည်တည်တံ့ရေးစီမံခန့်ခွဲနိုင်စေရန်သာမက ရင်းနှီးမြှုပ်နှံနိုင်ရန်နှင့် ဈေးနှုန်းသတ်မှတ်နိုင်မည့် လုပ်ပိုင်ခွင့်များကို ထိန်းသိမ်းနိုင်ရန် ကူညီပံ့ပိုးမည်။

ကျား-မရေးရာသည် စီမံကိန်းတစ်ခုလုံးတွင် အခြေခံကျသော ဆက်စပ်အရေးကိစ္စဖြစ်သည့်အလျောက် အမျိုးသမီးများ၏အခန်းကဏ္ဍအား သယံဇာတစီမံခန့်ခွဲမှုတွင် ထည့်သွင်းစဉ်းစားထားကြောင်း သေချာစေရန် ဤအပိုင်းတွင် အကျိုးရလဒ်သီးသန့် သတ်မှတ်ဖော်ပြထားသည်။

စီမံကိန်းတွင် သစ်တောထုတ်လုပ်မှုတိုးတက်မှုများ၊ နယ်မြေများအား ကာကွယ်ခြင်းနှင့် ဒေသခံလူထု၏အခွင့်အရေး၊ မြေယာတိုက်စားပျက်စီးမှုလျှော့ချခြင်း၊ ရေအရင်းအမြစ်နေရာစီမံခန့်ခွဲမှုတိုးမြှင့်ခြင်း၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ အကျိုးဆက်များအား လျှော့ချခြင်းနှင့်/သို့ လိုက်လျောညီထွေမှုပြုခြင်းတို့ကို အောက်ဖော်ပြပါအချက်များအားဖြင့် ဆောင်ရွက်သွားမည်။

- အကျိုးတူ ပူးပေါင်းပါဝင်သူများပါဝင်သည့် မြေယာအသုံးချမှုနှင့်စီမံခန့်ခွဲမှု
- အများပိုင်သစ်တော
- တန်းတူညီမျှစိတ်ချရသောမြေယာလက်လှမ်းမီမှုနှင့်လုပ်ပိုင်ခွင့်များ
- မြေယာနှင့် ရေအရင်းအမြစ်ဖွံ့ဖြိုးရေး

***အပိုင်း ၄ - လယ်ယာပြင်ပ အလုပ်အကိုင်၊ အသက်မွေးဝမ်းကျောင်းမှုအခွင့်အလမ်းသစ်များနှင့် တောင်တန်းဒေသလုပ်ကွက်ငယ်လယ်သမားများနှင့် မြေယာမဲ့များအတွက် ဘေးကင်းသော ရွှေ့ပြောင်းအခြေချနိုင်မှု အခွင့်အလမ်းများ***

*အကျိုးရလဒ် - လုပ်ကွက်ငယ်လယ်သမားများနှင့် မြေယာမဲ့အိမ်ထောင်စုများသည် ဒေသတွင်းရွှေ့ပြောင်း သွားလာခြင်းနှင့် ဆက်စပ်သော လယ်ယာပြင်ပဘေးကင်းသော အလုပ်အကိုင်၊ အသေးစားကိုယ်ပိုင်စီးပွားနှင့် အသက်မွေးဝမ်းကျောင်းမှုအခွင့်အလမ်းသစ်များအားဖြင့် ၎င်းတို့၏ ကျွမ်းကျင်မှုများ နှင့် ဝင်ငွေများ တိုးပွားလာသည်။*

ဤအပိုင်းသည် ဆင်းရဲနွမ်းပါးသောလယ်သမားများ၊ မြေယာမဲ့အိမ်ထောင်စုများနှင့် ကျပန်းလုပ်သားများအား စိုက်ပျိုးရေးကဏ္ဍမှ "ထွက်ခွာ"၍ လယ်ယာပြင်ပ အခွင့်အလမ်းသစ်များအား ရှာဖွေကာ အောက်ဖော်ပြပါ အချက်များအားဖြင့် ဝင်ငွေတိုးပွားများပြားစေရန်အတွက် ထောက်ပံ့ကူညီရန် ရည်ရွယ်သည်။

- ကျွမ်းကျင်မှုသင်တန်းနှင့် အသေးစားစီးပွားရေးဖော်ဆောင်မှု
- ဘေးကင်း၍ အကျိုးဖြစ်ထွန်းသော ရွှေ့ပြောင်းအခြေချခြင်းအခွင့်အလမ်းများ
- စုံလင်ကွဲပြားသော ဒေသတွင်း အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများ ဖြစ်ကြပါသည်။

***အပိုင်း ၅ - အာဟာရဆိုင်ရာ***

*အကျိုးရလဒ် - ကျေးလက်အိမ်ထောင်စုများသည် အာဟာရဆိုင်ရာရလဒ်များ တိုးတက်လာသည်။ (ကလေးများသေးလှီနန်း/ကြီးထွားမှုနှန်းနေးခြင်း လျော့ကျသွားသည်။)*

ဤအပိုင်းသည် ကာလရှည်အာဟာရချို့တဲ့မှု အထူးသဖြင့် ရက် ၁၀၀၀ ကာလအတွင်း (scalingupnutrition.org, www.thousanddays.org) ကြီးထွားမှုနှန်းနေးခြင်းကို လျော့ကျစေရန် ရည်ရွယ်သည်။တစ်သီးတစ်သန့် မဟုတ်သော်လည်း IDP များ၏ ရေရှည် အာဟာရလိုအပ်ချက်များ အထူးအားဖြင့် ကလေးသူငယ်များသေးလှီခြင်းသည်လည်း အရေးပါသည့်ကိစ္စဖြစ်သည်။ ၎င်းတွင် -

- အာဟာရဆိုင်အမူအကျင့်များပြောင်လဲရေးဆက်သွယ်ရေး
- ရေ၊ မိလ္လာနှင့်သန့်ရှင်းရေး (WASH) - ရေနှင့်သန့်ရှင်းရေး အသေးစားအဆောက်အအုံများအပါအဝင်
- တစ်နှစ်တာလုံး အာဟာရပြည့်ဝသော အိမ်တွင်းစိုက်ခင်းစိုက်ပျိုးထုတ်လုပ်ခြင်း တို့ ပါဝင်ပါသည်။

***အပိုင်း ၆ - လူမှုစောင့်ရှောက်ရေးနှင့် အများဆိုင်ရာ/ပြည်သူ့ဂန်ဆောင်မှုများအား လက်လှမ်းမီနိုင်မှု***

*အကျိုးရလဒ် - ကျေးလက်အိမ်ထောင်စုများသည် ဖိအားများနှင့် ပြင်းထန်သောသက်ရောက်မှုအပေါ် ခံနိုင်ရည်ရှိလာသည်။*

ဤအပိုင်းသည် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများအား ဆင်းရဲမှုလျှော့ချခြင်းလုပ်ငန်းများတွင်း ပါဝင်စေစည်း၍ အကျိုးကျေးဇူးရရှိစေရန်နှင့် လက်ရှိအစိုးရဝန်ဆောင်မှုများကို ပိုမိုလက်လှမ်းမီနိုင်စေရန် ကူညီထောက်ပံ့မည်ဖြစ်သည်။

အဆိုပါ ကူညီထောက်ပံ့မှုသည် ခံနိုင်ရည်အမဲ့ဆုံးသော အိမ်ထောင်စုများအား ထိရောက်သော စုပေါင်းလူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များဖြင့် ပြင်းထန်သောသက်ရောက်မှုများနှင့် ဖိအားများအပေါ် ပို၍ခံနိုင်ရည်ရှိလာစေမည်။ ဤရည်ရွယ်ချက်ကြောင့် ကူညီပံပိုးမှုလုပ်ဆောင်ချက်များသည် ဒေသတွင်း မူလကတည်းကရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းပုံစံ၏ ရေရှည်တည်တံ့နိုင်မှု၊ လုပ်ငန်းအတိုင်းအတာနှင့် လွှမ်းခြုံမှုတို့ကို ပိုမိုတိုးတက်စေရမည်။ ၎င်းသည် လက်ခံပေးသည့် ရပ်ရွာလူထုအတွင်း IDPများကိုပေါင်းစည်းပေးခြင်းနှင့် ပံ့ပိုးကူညီခြင်းနှင့်ဆိုင်သော ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားပြီး ခံနိုင်ရည်မဲ့သောအုပ်စုများပါဝင်မှုကို တိုးတက်စေမည်။ ယင်းတို့မှာ

- လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုဘဝလုံခြုံရေး ပိုက်ကွန်၊
- ရွှေ့ပြောင်းနေထိုင်သူများအတွက် ပုံမှန်အခြေအနေပြန်လည်ရောက်ရှိနိုင်ရန် အထောက်အပံ့နှင့်
- ဒေသတွင်းအုပ်ချုပ်ရေးနှင့် ကျေးရွာစီမံချက်တို့ ဖြစ်ပါသည်။

## ***အပိုင်း ၇ - ဆင်းရဲနွမ်းပါးသူများ အကျိုးဖြစ်ထွန်းစေသော မူဝါဒဆွေးနွေးအကြံပြုခြင်း ၊ အထောက်အထားအခြေပြုလေ့လာသင်ယူခြင်းနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSO)စွမ်းဆောင်ရည်တည်ဆောက်ခြင်း***

*အကျိုးရလဒ် - အစိုးရ၏ မူဝါဒများကောင်းမွန်မှုနှင့် အသုံးစရိတ်တိုးတက်မှုနှင့် ဒေသတွင်းအဆင့်တွင် စွမ်းဆောင်ရည်နှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှု တိုးတက်မှုတို့ကြောင့် ကျေးလက်စီးပွားရေးတိုးတက်လာပြီး ဆင်းရဲနွမ်းပါးသူများအတွက် အသက်မွေးဝမ်းကျောင်းမှုအခွင့်အလမ်းများလည်း တိုးပွားလာသည်။*

အယူအဆတင်ပြချက်များသည် အဆိုပြုထားသော ကူညီထောက်ပံ့မှုလုပ်ဆောင်ချက်များမှ လေ့လာသင်ယူမှုအတွက် မည်သို့ ပံ့ပိုးပါဝင်မည့်အကြောင်းနှင့် ထိုလေ့လာချက်အား ဆက်နွယ်ကိုက်ညီသော မူဝါဒဖော်ဆောင်မှုနှင့် အကောင်အထည်ဖော်ဆောင်မှုလုပ်ငန်းစဉ်အဖြစ် ပြန်ဆိုရာတွင် မည်သို့သက်ဆိုင်ပါဝင်မည့်အကြောင်း ရှင်းလင်းတင်ပြရပါမည်။ အစိုးရအဖွဲ့ (ပြည်နယ်/ခရိုင် နှင့် ပြည်ထောင်စုအဆင့်)၊ လူမှုအဖွဲ့အစည်းနှင့်ဖွံ့ဖြိုးရေးရပ်ရွာလူထုတို့၏ မူဝါဒ၊လုပ်ငန်းစဉ်များပါ ပါဝင်သည်။ ၎င်းသည် ကျေးလက် စီးပွားဖွံ့ဖြိုးမှုနှင့် ဆင်းရဲနွမ်းပါးသူများ အကျိုးဖြစ်စေသော ဖွံ့ဖြိုးတိုးတက်မှုအား ပိုမိုထောက်ကူပေးနိုင်သော ဝန်းကျင်တစ်ခုတည်ဆောက်နိုင်ရန်ကူညီပေးမည့် မူဝါဒများအား ဩဇာသက်ရောက်စေနိုင်ရန် လေ့လာတွေ့ရှိချက်ကို မည်သို့အသုံးပြုမည့်အကြောင်း ရှင်းလင်းတင်ပြရမည်။

စီမံကိန်းသည် အသိပညာများ ဖော်ထုတ်သူများနှင့် မူဂါဒပြောင်းလဲမှုအား သက်ရောက်မှုရှိစေသောနေရာတွင် ရှိနေသောသူများအား စုစည်းစေမည်ဖြစ်သည်။ ၎င်းတွင် ဒေသတွင်းနှင့်နိုင်ငံတော်အဆင့် လုပ်ဆောင်သူများအား အထောက်အထားအခြေပြု အသိပညာများထုတ်လုပ်နိုင်ရန် စွမ်းဆောင်ရည် တည်ဆောက်ခြင်းနှင့် ထိုအသိပညာကို ထိရောက်သော မူဝါဒ ဆွေးနွေးမှုနှင့် ပြောင်းလဲမှုတွင် ထည့်ဂင်နိုင်ရန် ကူညီထောက်ပံခြင်းတို့ပါဝင်ပါသည်။ ပါဝင်သည့် အချက်များမှာ-

- သင့်တော်သော ဆက်စပ်အခြေအနေ ခွဲခြမ်းလေ့လာမှုများ ထုတ်ပြန်ခြင်း
- ဒေသတွင်း CSOsများနှင့် ဒေသတွင်း အစိုးရဝန်ထမ်းများအား စွမ်းဆောင်ရည် မြှင့်တင်ခြင်း
- မူဂါဒနှင့် ညီသော အထောက်အထားများ ထုတ်ပြန်ခြင်း တို့ဖြစ်ပါသည်။

## နောက်ဆက်တွဲ ၂ - အယူအဆတင်ပြချက်များအတွက် သတ်မှတ်ပုံစံနှင့် လိုအပ်ချက်များ

အယူအဆတင်ပြချက်များသည် အောက်ဖော်ပြပါ သတ်မှတ်ပုံစံလိုအပ်ချက်များနှင့် ပြည့်စုံညီညွတ်ရမည်။

တင်ပြလျှောက်ထားမှုသည် ဤကနဦးတင်ပြချက်ခေါ်ယူခြင်း၏ အဓိကအပိုင်း၌ ဖော်ပြခဲ့သည့်အတိုင်း အီးမေးလ်နှင့်သာမက စာရွက်စာတမ်းအပြည့်အစုံကိုပါ ရုံးသို့ ပေးပို့ရမည်ဖြစ်သည်။

တင်ပြချက်သည် မျက်နှာဖုံးနှင့် မာတိကစာမျက်နှာများမပါ စုစုပေါင်း စာမျက်နှာ (၁၀) ထက်မပိုစေရပါ။ Times New Roman ဖောင့်ဆိုဒ်၁၂ကိုသာ အသုံးပြု၍ စာမျက်နှာပတ်လည်အနားသတ် ၁လက်မ အနည်းဆုံးခွာထားရမည်။) စာမျက်နှာနံပါတ်များပါရှိရမည်။ နောက်ဆက်တွဲများအဖြစ် အသေးစိတ် ချဉ်းကပ်ပုံများ၊ အသုံးပြုမည့်နည်းလမ်းများ၊ ရည်ညွှန်းချက်များ၊ မြေပုံများ အစရှိသည်ဖြင့်ပါဝင်နိုင်ပြီး နောက်ဆက်တွဲများသည်လည်း စာမျက်နှာ ၁၀ မျက်နှာထက် မပိုရပါ။

အီးမေးလ်ဖြင့် ပေးပို့ရာတွင် ၅ မဂ္ဂါဗိုက်ထက်မကျော်ရပါ။

LIFTသည် အထက်ဖော်ပြပါ ပုံစံနှင့်စာမျက်နှာကန့်သတ်ချက်များနှင့် ကိုက်ညီသောအဆိုပြုလွှာများကိုသာ ဆက်လက်စဉ်းစားသွားမည်ဖြစ်ပြီး အခြားတင်သွင်းထားသော အချက်အလက်များအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

တင်သွင်းသူများသည် အဆိုပြုထားသော စီမံချက်အား LIFTမှ ကောင်းမွန်စွာနားလည် အကဲဖြတ်နိုင်ရန် အတွက် လိုအပ်နိုင်သော သတင်းအချက်အလက်ဟူသမျှ ထည့်သွင်းနိုင်သည်။ ဤအပိုင်း၏ ကျန်ရှိသော အကြောင်းအရာများ သည် LIFT သို့ လျှောက်ထားသူများအားလုံး မဖြစ်မနေထည့်သွင်းရမည်ဟု သတ်မှတ်ထားသည့် အချက်အလက်များ ဖြစ်သည်။

ကနဦးတင်ပြချက်များသည် အောက်ဖော်ပြပါအချက်များနှင့် ပြည့်စုံရမည်။

### မျက်နှာဖုံးစာမျက်နှာ

စီမံချက် ခေါင်းစဉ်၊ အမည်နှင့် တင်သွင်းသူ၏ ဆက်သွယ်ရန် လိပ်စာ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လုပ်ဆောင်မည့်နေရာဒေသ၊ မျှော်မှန်းထားသည့် စီမံချက်သက်တမ်း၊ စတင်ချိန်နှင့်ပြီးစီးချိန်၊နှင့် စုစုပေါင်းလျာထားငွေ။ မျက်နှာဖုံးစာမျက်နှာသည် စာမျက်နှာအရေအတွက်ကန့်သတ်ချက်တွင် အကျုံးမဝင်ပါ။

### နိဒါန်းစာမျက်နှာ

မာတိကာဇယား၊ အတိုကောက်စာလုံး စာရင်း၊ မြေပုံ၊ အနှစ်ချုပ်တို့ ပါဝင်သည်။ နိဒါန်းစာမျက်နှာသည် စာမျက်နှာ အရေအတွက်ကန်သတ်ချက်အတွင် အကျုံးမဝင်ပါ။

### စီမံချက်နောက်ခံသမိုင်းနှင့် အခြေခံအကြောင်းအရာ

စီမံချက်၏မူရင်းစိတ်ကူးစိတ်သန်း၊ ပြဿနာ အခြေခံအကြောင်းအရာ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် စီမံချက်၏ အနေအထားအား ဖော်ပြပေးရမည်။ တင်သွင်းထားသော စီမံချက်သည် LIFT၏ မဟာဗျူဟာ၊ တောင်တန်းဒေသ စီမံကိန်း၏ ဦးစားပေးအချက်များနှင့် မည်သို့ လိုက်လျောညီထွေမှုရှိပုံ၊ ဆင်ရဲနွမ်းပါးသူများနှင့် ထိခိုက်လွယ်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မှုတို့ကို တင်ပြ၍ အတွေ့အကြုံများမှရရှိခဲ့သော သင်ခန်းစာများနှင့်လေ့လာမှုများ သည် စီမံကိန်း၏ပုံစံအား မည်သို့ သက်ရောက်မှုရှိကြောင်းကို ရှင်းလင်းတင်ပြပါ။

မြန်မာနိုင်ငံတော်အစိုးရ၏ ဖွံ့ဖြိုးရေးကဏ္ဍအတွက် ဦးစားပေးအချက်များ၊ အစီအစဉ်များနှင့် မည်သို့ လိုက်လျောညီထွေမှု ရှိကြောင်း(မရှိပါက အဘယ်ကြောင့်ဖြစ်ကြောင်း)နှင့် တူညီသော နယ်ပယ်/ဒေသမှ အခြားဖွံ့ဖြိုးရေးလုပ်ဆောင်သူ မိတ်ဖက်များ၏ဦးစားပေးလုပ်ဆောင်ချက်များနှင့်ပါ ညီညွတ်မှု ရှိ/မရှိ ရှင်းလင်း တင်ပြပါ။ မိမိတို့သိရှိသလောက် လစ်ဟာမှုတစ်စုံတစ်ရာရှိပါက ဖော်ထုတ်တင်ပြပါ။

အောက်ပါအချက်များပါဝင်သည့်၊ အဆိုပြုလွှာအား ပြင်ဆင်စဉ်က အဓိကထားဆွေးနွေးခဲ့သော ရလဒ်များအား ထည့်သွင်း ဖော်ပြပါ။

- မည်သူနှင့် တိုင်ပင်ဆွေးနွေးခဲ့သနည်း (ဥပမာ- အခြားဖွံ့ဖြိုးရေးလုပ်ငန်းမိတ်ဖက်များ၊ အစိုးရဌာနများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ စသည်)၊
- စီမံကိန်းအခြေခံအကြောင်းအရာနှင့် ရေးဆွဲမှုပုံစံနှင့် ပတ်သက်၍ ပေါ်ပေါက်ခဲ့သော ကိစ္စတစ်စုံတစ်ရာ၊ နှင့်
- အခြားသော အဓိကပူးပေါင်းပါဝင်သူများ၏ အမြင်ကို အနှစ်ချုပ်ဖော်ပြခြင်း။

## အကြောင်းအရာနှင့် ပဋိပက္ခအလေးထားတုံ့ပြန်မှု ဆန်းစစ်လေ့လာခြင်း

ဦးတည်ထားသော ဒေသခံအကြောင်းအရာဆန်းစစ်လေ့လာချက်နှင့် ပဋိပက္ခဖြစ်နိုင်ချေတို့ကို ထည့်သွင်း ဖော်ပြပါ။

- စီမံကိန်းသည် မည်သည့် လူထုအား ဦးတည်၍ ပဋိပက္ခအပေါ် ၎င်းတို့၏ခံနိုင်ရည်ရှိမှုမှာ မည်သို့ရှိကြောင်း
- လုပ်ငန်းဆောင်ရွက်လည်ပတ်မှု အကြောင်းအရာအား ရှင်းလင်းတင်ပြ၍ ပဋိပက္ခဖြစ်စေသော အဓိကတွန်းအားများ၊ အပြောင်းအလဲများ၊ တင်းမာမှုနှင့် ငြိမ်းချမ်းမှုအတွက် လုပ်ဆောင်နိုင်မှုများကို မီးမောင်းထိုးပြပြီး ၎င်းတို့ကြားမှအာဏာဆက်စပ်မှုအား သိရှိနိုင်ရန် အဓိကအကျိုးတူဆောင်ရွက်သူများအား တင်ပြပါ။

အကယ်၍ ပြီးပြည့်စုံသော ဆန်းစစ်လေ့လာချက် မရရှိနိုင်သေးပါက (သို့) အရေးကြီးသော အသိအမြင်ကွာဟမှုများအား ဖော်ထုတ်တွေ့ရှိပါက တင်သွင်းသူသည် လုပ်ငန်းလည်ပတ်မှု အကြောင်း အရာနှင့် သိရှိထားသော ပဋိပက္ခကိစ္စရပ်များ အား အတိုချုံ့ ရှင်းလင်းချက်ပေးရမည်ဖြစ်ပြီး စီမံချက်တွင် ဒေသဆိုင်ရာအကြောင်းအရာများ လုံလောက်စွာ နားလည် သိရှိထားမှုရှိကြောင်းသေချာစေရန် ဒီဇိုင်းရေး ဆွဲမှုအဆင့်တွင် မည်သည့်လုပ်ဆောင်ချက်များ ဆက်လက် လုပ်ဆောင်မည့်အကြောင်း ရှင်းလင်းတင်ပြပါ။

ဒေသဆိုင်ရာ အကြောင်းအရာနှင့် ပဋိပက္ခဖြစ်နိုင်ချေတို့အား နားလည်သိရှိထားမှုသည် အသက်မွေးဝမ်းကျောင်းမှု စီမံချက်အနေဖြင့် ပဋိပက္ခသက်ရောက်မှုများ လျော့ချရန်နှင့် စီမံကိန်းအကောင်အထည်ဖော်သော ဒေသတစ်လွှား၊ အဆင့်တိုင်းတွင်(ဒေသတွင်း၊ ပြည်နယ်/ခရိုင်နှင့် တစ်နိုင်ငံလုံးအဆင့်) အပြုသဘောဆောင်သော စွမ်းဆောင်မှုများ အားတိုးမြှင့်နိုင်မည့် မဟာဗျူဟာအား ဖော်ဆောင်လျက်ရှိကြောင်း သေချာစေရန် အထောက်အကူပြုပါသည်။ စီမံချက်၏ အခြေမူဘောင် နောက်ဆက်တွဲတွင် ထည့်သွင်း ထားသော LIFT၏ ပဋိပက္ခအလေးထားတုံ့ပြန်သော အခြေခံမူဝါဒများ သည် ထိုမဟာဗျူဟာအား လမ်းညွှန်ပေး နိုင်မည်ဖြစ်သည်။

## စီမံချက်၏ ပြောင်းလဲမှုသီအိုရီ

စီမံချက်၏ ပြောင်းလဲမှုသီအိုရီ(အတွေးအခေါ်-TOC)အား ရုပ်ပုံကားချပ်ပုံစံနှင့် သိသာရှင်းလင်းစွာ ဖော်ပြရမည်။ ဆောင်ရွက်သူ ဗဟိုပြုTOCအား ပို၍လိုလားသည်။ အဆိုပါ ပြောင်းလဲမှုဆိုင်ရာသီအိုရီ သည်LIFT၏ ရလဒ် မူဘောင်(ရည်ညွှန်း-LIFTမဟာဗျူဟာ) နှင့် တောင်တန်းဒေသ စီမံကိန်းအခြေခံမူဘောင်၌ ဖော်ပြထားသည့်အတိုင်း တောင်တန်းဒေသ စီမံကိန်း နှင့် ကနဦးတင်ပြချက်ဖိတ်ခေါ်မှုတွင် အသေးစိတ်ဖော်ပြထားသည့်

သက်ဆိုင်ရာ အပိုင်းလိုက် အကျိုးရလဒ် တို့နှင့် မည်မျှကိုက်ညီမှုရှိကြောင်း ရှင်းလင်းစွာဖော်ပြထားရမည်။ စီမံချက်မှအောင်မြင်ရယူမည့်အရာသည် မည်သည့်အရာဖြစ်ကြောင်း တိကျသော ဖော်ပြချက်နှင့်အတူ အဓိကရလဒ်များအား စီမံချက်အဆင့်အကျိုးရလဒ်များအားဖြင့် အနှစ်ချုပ်ဖော်ပြရမည်။ (သုံးသပ်မှုနှင့် လေ့လာမှုအစီအစဉ် သို့မဟုတ် မူဘောင်တိုင်းတာမှု အပြည့်အစုံအား ဤ စီမံကိန်းအကြောင်း အယူအဆတင်ပြချက်အဆင့်တွင် တင်သွင်းရန်မလိုပါ။)

## လုပ်ငန်းဆောင်ရွက်မှုများ၊ နည်းပညာဆိုင်ရာ ချဉ်းကပ်မှု၊ နည်းစနစ်နှင့် လွှမ်းခြုံမှု

ဤအပိုင်းသည် စီမံကိန်းမှ ဦးတည်ထားသော နေရာဒေသများ(မြို့နယ်(များ)၊ ကျေးရွာအရေအတွက်၊ ခန့်မှန်းလူဦးရေ)နှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရရှိသော အကျိုးခံစားရရှိသူဦးရေ (သက်ဆိုင်ရာအုပ်စု အလိုက်ခွဲ၍ တိုက်ရိုက်/သွယ်ဝိုက်အကျိုးခံစားရရှိသူတို့သည် မည်သူတို့ကို ဆိုလိုကြောင်း ရှင်းပြပါ) တို့ကို ဖော်ပြရမည်။

*လုပ်ငန်းဆောင်ရွက်မှုနှင့် နည်းစနစ်ရှင်းလင်းဖော်ပြချက်*သည် **မည်သည့်အရာအား မည်သို့သောနည်းနှင့်၊ မည်သူများမှ မည်သည့် အချိန် တွင် မည်သည့်နေရာ**၌ လုပ်ဆောင်မည်ကို လုံလုံလောက်လောက် သေသေချာချာ ဖော်ပြထားရန်လိုအပ်သည်။ ပါဝင်ပတ်သက်သူများ၏ အခန်းကဏ္ဍအား ရှင်းပြနိုင်ရန် **မည်သူ**က မည်သည်ကို လုပ်ဆောင်မည့်အကြောင်း ပို၍ကျယ်ပြန့်သော အဆင့်နှင့် ဖော်ပြရန်လိုအပ်သည်။ လုပ်ငန်းဆောင်တာများအား အသေးစိတ်ခွဲခြမ်းစိတ်ဖြာပြရန်မလိုသော်လည်း နည်းပညာချဉ်းကပ်မှုနှင့် နည်းစနစ်များအားရှင်းလင်းထားချက်နှင့်အတူ အဆိုပြုထားသော လုပ်ငန်းအမျိုးအစားနှင့် မျှော်မှန်းထားသော ရလဒ်များထွက်ပေါ်လာစေရန် ၎င်းတို့ကို မည်သို့လုပ်ဆောင်မည့်အကြောင်း ရှင်းလင်းဖော်ပြရမည်။ ဤအပိုင်းတွင် ကိုက်ညီသော အခြားဆက်စပ်လျက်ရှိသော အရေးကိစ္စများ(ကျား-မတန်းတူရှိရေး၊ အာဟာရဆိုင်ရာ၊ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်)ကို ထည့်သွင်းစဉ်းစားရမည်။ လုပ်ငန်းများနှင့် တောင်တန်းဒေသစီမံကိန်း၏ သက်ဆိုင်ရာအပိုင်းမှ အကျိုးရလဒ်များအကြား ရှင်းလင်း၍ တိုက်ရိုက်ဆက်သွယ်မှုသည်မှ ထင်သာမြင်သာရှိရမည်။ ဆိုလိုသည်မှာ နည်းပညာဆိုင်ရာချဉ်းကပ်မှုနှင့် နည်းစနစ်တို့တွင် အဆိုပြုသောလုပ်ငန်းအမျိုးအစားသည် ရည်ရွယ်ထားသော အကျိုးကျေးဇူးများရရှိမှုနှင့် ရလဒ်များဖော်ဆောင်မှုအတွက် အသုံးဝင်သော နည်းလမ်းဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြရမည်။

*အကျိုးတူပူပေါင်းပါဝင်သူများ ဆန်းစစ်ချက်*သည် တိုက်ရိုက် သို့မဟုတ်သွယ်ဝိုက်၍ရရှိမည့် အဓိက အကျိုးခံစားခွင့်ရှိသူများ၊ စိတ်ဝင်စားမှုနယ်ပယ်များအလိုက် ပါဝင်ကြသော အဖွဲ့အစည်းများနှင့် တသီးပုဂ္ဂလတို့အား ဖော်ပြရမည်။ အောက်ဖော်ပြပါတို့သည်လည်း အရေးကြီးပါသည်။

- စီမံချက်သည် အစိုးရ၊ အစိုးရမဟုတ်သောအဖွဲ့များ နှင့် မည်သို့မည်ပုံ ပူးပေါင်းဆောင်ရွက်ပြီး ပုဂ္ဂလိကကဏ္ဍများနှင့် မည်သို့ချိတ်ဆက်သွားမည့်အကြောင်း တိကျရှင်းလင်းစွာဖော်ပြထားချက်၊
- ဒေသတွင်း အဖွဲ့အစည်းများ၏ ပါဝင်မှုအခန်းကဏ္ဍနှင့် အထောက်အပံ့တစ်စုံတစ်ရာ၊ သို့မဟုတ် အဖွဲ့အစည်းအသစ်များတည်ထောင်ရန်ရည်ရွယ်ထားပါက ၎င်းတို့နှင့်ဆိုင်သည့် အသေးစိတ်ကို အကြောင်းပြချက်နှင့်တကွ ဖော်ပြရမည်၊
- အသစ်(သို့) အဆင့်မြှင့်တင်ထားသော ဖွဲ့စည်းပုံအစီအစဉ်များ ဆက်လက်ထားရှိရန်လိုအပ်ပါက ပါဝင်ထည့်သွင်းထားသော ရေရှည်ပံ့ပိုးမှုများ အကြောင်းရှင်းလင်းရမည်။

*အယူအဆတင်ပြချက်အဆင့်အတွက် လုပ်ငန်းဆောင်ရွက်မှု လုပ်ငန်းစဉ်အား ထည့်သွင်းပေးရန်မလိုပါ။*

## စွန့်စားရနိုင်ချေများနှင့် လျှော့ချခြင်း

ဖော်ထုတ်တွေ့ရှိထားသော လုပ်ငန်းလည်ပတ်မှု စွန့်စားရနိုင်ချေများနှင့် အဆိုပြုထားသော လျှော့ချနိုင်မှုမဟာဗျူဟာများ အကြမ်းဖျင်းကို ထည့်သွင်းဖော်ပြရမည်။ ဒီဇိုင်းပုံစံအားဖြင့် စွန့်စားရနိုင်ချေများအား မည်သို့ဆက်လက် စဉ်းစား၍ အကဲဖြတ်စစ်ဆေးမည့်အကြောင်း တင်ပြရမည်။

## အသိအမြင်ဗဟုသုတ စီမံခန့်ခွဲမှု

စီမံကိန်းတွင် ခိုင်မာသော သုတေသန(သို့)လေ့လာချက်ကဏ္ဍ ပါဝင်ပါက ဤအပိုင်းအား ထည့်သွင်းဖြည့်စွက်ပါ။ ဤအပိုင်းကဏ္ဍပါဝင်ခဲ့ပါက စီမံကိန်းအကြောင်း ကနဦးတင်ပြချက်တွင် သုတေသနပြမေးခွန်းများနှင့် နည်းလမ်းများအား အကြမ်းဖျင်းထည့်သွင်းဖော်ပြရမည်။

## လျှောက်ထားသောအဖွဲ့အစည်း၏ဖွဲ့စည်းပုံနောက်ခံသမိုင်း

အဆိုတင်သွင်းသော အဖွဲ့အစည်းတွင် အဆိုပြုသော စီမံကိန်းအား အောင်မြင်စွာလုပ်ဆောင်ရန် အတွေ့အကြုံ၊ စွမ်းရည်နှင့် အမှန်တကယ်တာဝန်ယူလုပ်ဆောင်လိုစိတ်တို့ရှိကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြထားရမည်။ အောက်ပါအချက်များပါဝင်ရမည်-

- အဖွဲ့အစည်းအမျိုးအစား - လူထုအခြေပြုအဖွဲ့အစည်း၊ ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်း၊ သုတေသန သို့မဟုတ် လေ့ကျင့်ရေးသင်တန်းကျောင်းစသည်ဖြင့် မည်သည့် အဖွဲ့အစည်းဖြစ်ကြောင်း၊
- အဖွဲ့အစည်းဆိုင်ရာချဉ်းကပ်ပုံ(အတွေးအခေါ်) - အဖွဲ့အစည်း၏ ရည်ရွယ်ချက်နှင့် အဓိကလုပ်ဆောင်မှုများနှင့် သက်ဆိုင်ရာ အတွေ့အကြုံများ၊
- တည်ထောင်မှုသက်တမ်းနှင့် ဥပဒေအရ တရားဝင်မှု - တင်သွင်းသော အဖွဲ့အစည်းသည် မြန်မာနိုင်ငံအတွင်း စီမံချက်များလုပ်ဆောင်နိုင်ရန် သင့်လျော်သော လုပ်ပိုင်ခွင့်ရှိရမည်။
- အဖွဲ့အစည်း၏အတွင်း၊ အပြင်သို့ နည်းပညာ ကျွမ်းကျင်မှု ပျံ့နှံ့ရောက်ရှိမှု ရှိ/မရှိ။
- မိတ်ဖက်ပူးပေါင်းမှုအကြောင်းဖော်ပြချက်၊ မည်သည့်ရည်ရွယ်ချက်များနှင့် မည်သည့်ကာလမှစ၍ စတင်မိတ်ဖက်ဖွဲ့စည်းခဲ့ကြောင်း ရှင်းလင်းဖော်ပြချက်။
- ရည်ရွယ်ထားသော ဒေသအတွင်း လုပ်ဆောင်ခဲ့သော သို့မဟုတ် လုပ်ဆောင်လျက်ရှိသောလုပ်ငန်းများအကြောင်း၊ အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်း လုပ်ဆောင်မှု ဆက်ဆံရေးရှိကြောင်းတို့ကို ရှင်းလင်းဖော်ပြပါ။

## မိတ်ဖက်ဖွဲ့စည်းမှု

မိတ်ဖက်များသည် မည်သူဖြစ်ကြောင်း၊ ၎င်းတို့အား မည်သို့သိရှိခဲ့ကြောင်း၊ ၎င်းတို့၏ အထူးကျွမ်းကျင်မှု၊ ၎င်းတို့ ပူးပေါင်းပါဝင်မည့် အခန်းကဏ္ဍနှင့် စီမံချက်ကာလတစ်လျှောက် မိတ်ဖက်များအကြား ဆက်ဆံရေးအား မည်သို့ စီမံခန့်ခွဲမည့်အကြောင်း ရှင်းလင်းတင်ပြပါ။

## စီမံချက်လျာထားငွေ ခွဲဝေအသုံးပြုမှုနှင့် အရည်အသွေးနှင့်တန်ဖိုးငွေကြေးမျှတမှု

လက်တွေ့ကျသောလျာထားငွေစာရင်းသည် အောင်မြင်သော စီမံချက်တစ်ခု အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အရေးကြီးသော အစိတ်အပိုင်းဖြစ်သည်။ သို့ရာတွင် အသေးစိတ်၊ ပြီးပြည့်စုံသော လျာထားငွေစာရင်းအား အဆိုပြုလွှာအပြည့်အစုံတင်သွင်းသည့်အဆင့် မတိုင်မီအထိ မလိုအပ်သေးပါ။ အယူအဆတင်ပြချက်၏

လျာထားငွေစာရင်းတွင် ခန့်မှန်းချေများနှင့် ရည်ရွယ်ထားသော ကုန်ကျစရိတ်ခွဲဝေမှုအား ခေါင်းစဉ်ငယ်များ နှင့်ထည့်သွင်းဖော်ပြရမည် (LIFT ၏ ဝက်ဘ်ဆိုဒ်မှ လျာထားငွေစာရင်း စံပုံစံအားကြည့်ပါ)။ လျာထားငွေစာရင်းသည် စီမံချက်၏အပိုင်းတစ်ပိုင်းစီအတွက် စုစုပေါင်း ခွဲဝေသတ်မှတ်ထားသော လျာထား သုံးငွေစာရင်းကို ဖြေရှင်းဖော်ပြရမည်။

LIFT၏ ရန်ပုံငွေသည် အခြားရန်ပုံငွေများအား တိုးပွားမှုဖြစ်စေကြောင်းနှင့် ဘဏ္ဍာရေး ရေရှည်တည်တံ့နိုင်မှု သို့ ရှေးရှုတိုးတက်ခြင်းအား ရှင်းလင်းစွာ ဖော်ပြထားသော တင်ပြချက်များကို အားပေးကြိုဆိုပါသည်။

တင်ပြချက်သည် ကောင်းမွန်သော အရည်အသွေးနှင့် တန်ဖိုးငွေကြေးမျှတမှုအား ဖော်ဆောင်နိုင်ရမည်။
ထည့်သွင်းစဉ်းစားရမည့်မေးခွန်းများတွင် -

- မိတ်ဖက်အဖွဲ့များနှင့် ကျေးရွာလူထုအနေဖြင့် မည်သည့်အကျိုးရလဒ်သည် အမြင့်မားဆုံးတန်ဖိုးကို ၎င်းတို့အတွက် ပြန်လည်ရရှိစေကြောင်းနှင့် ငွေကြေးစုဆောင်းမှုအား မည်သည့်နေရာတွင် လုပ်ဆောင်နိုင်ကြောင်း ဖော်ထုတ်သတ်မှတ်ရာတွင် ၎င်းတို့ကိုယ်တိုင်ပါဝင်ခဲ့ပါသလား။
- ထည့်ဝင်မှုသည် အခြားရင်းမြစ်များမှ တိုးပွားနိုင်သလား။
- တင်သွင်းထားသော ကနဦးတင်ပြချက်မှ အရည်အသွေးနှင့် တန်ဖိုးငွေကြေးမျှတမှုသည် အကျိုးခံစားရသူ (သို့) ဦးတည်အုပ်စုအတွက် ဖြစ်သလား။
- တူညီသော/ပို၍နည်းပါးသော ရင်းမြစ်များအတွက် အရည်အသွေးတန်ဖိုး ပိုမိုရရှိနိုင်သော ရွေးချယ်မှုများ ရှိပါသလား။
- ကူညီပံ့ပိုးမှု၏ အရည်အသွေးနှင့် တန်ဖိုးငွေကြေးမျှတမှုကို ပိုမို အားကောင်းစေနိုင်သော ကူညီလုပ်ဆောင်မှုမှ ဆပ္ပွားသက်ရောက်မှု သို့မဟုတ် ထပ်တူညီကူးယူလုပ်ဆောင်ခြင်း၊ တိုင်းတာလုပ်ဆောင်ခြင်းတို့မှ အကျိုးကျေးဇူးရရှိခြင်းများ ရှိသလား။

## နောက်ဆက်တွဲ(၃) – LIFTမှ အသုံးပြုမည့် ရွေးချယ်ခြင်းအတွက် သတ်မှတ်ချက်များ

သုံးသပ်အကဲဖြတ်ကော်မတီ(EC)သည် တင်သွင်းချက်များကို အောက်ဖော်ပြပါ စိစစ်ရွေးချယ်ရေး သတ်မှတ်ချက်များနှင့်အညီ သုံးသပ်မှုပြုသွားမည်ဖြစ်သည်။

လျှောက်ထားတင်သွင်းသူများ သတိပြုရန်မှာ ဤသတ်မှတ်ချက်များသည် (၁) လျှောက်လွှာတွင်ဖော်ပြထားသည့် တင်သွင်းသူများမှ ဖြေရှင်းဆောင်ရွက်ရန်လိုသည့် သိသာထင်ရှားသောကိစ္စရပ်များကို သတ်မှတ်ရန်နှင့် (၂) တင်သွင်းမှုများအားလုံးကို အကဲဖြတ်စစ်ဆေးမှု စံနှုန်းများအားသတ်မှတ်ရန် ဖြစ်သည်။

တင်ပြချက်သည် အဓိကသတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိခြင်းမှအပ ဒွိဟဖြစ်ဖွယ် မရှင်းလင်းမှုများ သို့မဟုတ် အသေးစိတ်အချက်အလက်များလိုအပ်လျှင် LIFT၏ အကဲဖြတ်အဖွဲ့သည် တင်သွင်းသောအဖွဲ့အစည်းနှင့် တွေ့ဆုံ၍ ရှင်းလင်းချက်များတောင်းဆိုမည်ဖြစ်သည်။

## သုံးသပ်အကဲဖြတ်ခြင်း သတ်မှတ်ချက်များ

အကဲဖြတ်ကော်မတီသည် ၎င်းတို့၏ သုံးသပ်အကဲဖြတ်မှု နောက်ဆုံးရလဒ်ကို ဆုံးဖြတ်နိုင်ရန်အတွက် အောက်ဖော်ပြပါ အချက်များကို မေးမြန်းနိုင်သည်။

- *ပြီးပြည့်စုံမှု* - တင်ပြချက်၌ပါဝင်သော သတင်းအချက်အလက်များသည် သုံးသပ်အကဲဖြတ်မှုများ လုပ်ဆောင်ရန် ပြည့်စုံ လုံလောက်မှုရှိပါရဲ့လား။
- *ကိုက်ညီမှု* - ပြဿနာ၏အနက်ကိုဖွင့်ဟဖော်ဆောင်ခြင်းနှင့် စီမံကိန်း၏ အခြေခံအကြောင်းအရာတို့မှာ ရှင်းလင်းပြတ်သားမှုရှိပါသလား၊ အဓိကကျသည့် အခက်အခဲကို ကိုင်တွယ်ဖြေရှင်းရာတွင် LIFT၏ မဟာဗျူဟာနှင့် တောင်တန်းဒေသ စီမံကိန်းအခြေခံမူဘောင်တို့နှင့် ကိုက်ညီမှုရှိပါသလာ။
- *နောက်ခံအခြေအနေ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းနှင့် ပဋိပက္ခအလေးထားတုံ့ပြန်ခြင်း* - စီမံချက်သည် တောင်တန်းဒေသ၊ အထူးသဖြင့် အဆိုပြုဦးတည်ထားသော ဒေသ၏ နောက်ခံအခြေအနေအား ကောင်းစွာနားလည်မှုအပေါ်တွင် အခြေတည်ထားပါလား။ စီမံချက်သည် ပဋိပက္ခများနှင့် အထိမခံသော ဒေသတွင် လုပ်ဆောင်လည်ပတ်မည်လား။ ကနဦးတင်ပြချက်သည် လုပ်ငန်း လုပ်ဆောင်လည်ပတ်ရမည့် ဂန်းကျင်နှင့် ပဋိပက္ခများနှင့်အထိမခံခြင်းတို့နှင့် ပတ်သက်၍ တင်သွင်းသူ၌ လုံလောက်သောဗဟုသုတ ရှိထားကြောင်း ယုံကြည်မှုကို ပေးနိုင်ပါသလား။ စီမံချက်သည် ကောင်းမွန်စိတ်ချရသော ပဋိပက္ခ နားလည်လက်ခံတုံ့ပြန်နိုင်စွမ်း မဟာဗျူဟာနှင့် အညီစီမံကွပ်ကဲနိုင်ပါ မည်လား။
- *ဒီဇိုင်းပုံစံ၏ ကိုက်ညီမှုရှိမှု* - စီမံချက်သည် ရှင်းလင်းသော ပြောင်းလဲမှုသီအိုရီအား ဖော်ဆောင်ပါသလား။ ရှင်းလင်းတိကျသော ရလဒ်ဆိုင်ရာ ကျိုးကြောင်းဆက်စပ်မှု ရှိပါသလား။ စီမံချက်၏ မျှော်မှန်းရလဒ်များသည် ကောင်းမွန်စွာ ဖော်ညွှန်းထားပြီး LIFT၏ တောင်တန်းဒေသစီမံချက်၏ ဖော်ပြထားသော ပြဿနာ/လိုအပ်ချက်များနှင့် ညီညွတ်မှုရှိပါသလား။
- *ချဉ်းကပ်မှုပုံစံနှင့် နည်းစနစ်များ* - စီမံချက်၏ ချဉ်းကပ်ပုံနည်းလမ်းများသည် ခေတ်မီပြီး အမှန်တကယ် အလုပ်ဖြစ်၍ သင့်လျော်မှုရှိပါသလား။ နည်းစနစ်များသည် ယခင်ရရှိခဲ့သော အတွေ့အကြုံ၊ အထောက်အထားအခြေပြု အသိပညာဗဟုသုတများအပေါ် အခြေခံထားခြင်း ဟုတ်ပါသလား။ စိတ်ကူးအစီအစဉ်များသည် နည်းပညာအရ အသုံးတည့်၍ ချမှတ်ထားသော ရလဒ်များအား ရယူစေနိုင်မည်လား။ ကောင်းမွန်သောဖွံ့ဖြိုးမှု အလေ့အကျင့်နှင့် သင်ခန်းစာများပါဝင်လျက်ရှိပါသလား။
- *အကျိုးတူ ပူးပေါင်းပါဝင်သူများ ဆန်းစစ်မှု* - ဦးတည်ထားသော အဖွဲ့များ၏ အနက်အဓိပ္ပါယ်အား ရှင်းလင်းစွာ ဖော်ပြထားပြီး အကျိုးတူပူးပေါင်းပါဝင်သူများနှင့်ဆိုင်သော ဆန်းစစ်ချက်များ ရှိပါသလား။ အစီအစဉ်ချမှတ်ခြင်းနှင့် ပုံစံဒီဇိုင်းရေးဆွဲခြင်းတို့တွင် အဓိက အကျိုးတူပူးပေါင်းပါဝင်သူများ၏ ပိုင်ဆိုင်မှုနှင့်

ပါဝင်ပတ်သက်မှုသည် မည်သည့်အတိုင်းအထိ ထင်သာမှုရှိသနည်း။ စီမံချက်သည် အစိုးရ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် မည်သို့မည်ပုံ ပူးပေါင်းဆောင်ရွက်မည့်အကြောင်းမှာ ရှင်းလင်းမှုရှိပါသလား။

- *ရေရှည်တည်မြဲမှု* - ရန်ပုံငွေထောက်ပံ့မှုကာလ ကျော်လွန်သည့်တိုင်အောင် အဆိုပြုထားသည့် ရလဒ် များ၊ သက်ရောက်မှုများသည် ရေရှည်တည်မြဲနိုင်သည့် အခြေအနေကောင်းဖြစ်ကြောင်းကို စီမံချက်မှ ဖော်ဆောင်ပါသလား။ စီမံချက်ပြီးစီးထွက်ခွာသည့် မဟာဗျူဟာအား ပြင်ဆင်ထားပြီးပါပြီလား။
- *လေ့လာချက်နှင့် မူဝါဒဆိုင်ရာ ဆွေးနွေးမှု* - စီမံချက်သည် အထောက်အထားအခြေပြု အသိပညာဗဟုသုတများနှင့် မူဝါဒဆိုင်ရာ ဆွေးနွေးမှုတို့တွင် ပါဝင်နိုင်သော လွှမ်းခြုံမှုကို ပေးအပ်နိုင်ပါသလား။
- *အခြားဆက်စပ်နေသောကိစ္စရပ်များ* - ကျား/မရေးရာ၊ အာဟာရ၊ ရွှေ့ပြောင်းနေထိုင်မှုများ၊နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များအား ထည့်သွင်း စဉ်းစားထားပါသလား။ အာဟာရဓာတ်ပြည့်ဝရေး အလေးပေးသော သင့်တော်သည့် ချဉ်းကပ်မှု ပါဝင်ကြောင်း ပေါ်လွင်ပါသလား။ စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးအပေါ်တွင် မည်မျှ သက်ရောက်မှုရှိပါသနည်း။
- *စွန့်စားရမှုများ* - အဆိုပြုလွှာတွင် အဓိကကျသော လုပ်ငန်းလည်ပတ်မှု စွန့်စားရနိုင်ချေများအား တွက်ဆ၍ စွန့်စားရနိုင်ချေများအား လျှော့ချရေး နည်းလမ်းများအား ဖော်ထုတ်ချမှတ်ထားပြီးဖြစ်ပါသလား။
- *စွမ်းဆောင်ရည် - တင်ပြချက်*တင်သွင်းသော အကောင်အထည်ဖော်မည့် အဖွဲ့အစည်းနှင့် ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းတို့၌ စီမံချက် အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာ ကျွမ်းကျင်မှု နှင့် စွမ်းဆောင်ရည်များ ရှိပါသလား။
- *မိတ်ဖွဲ့ပူးပေါင်းမှု* - မိတ်ဖွဲ့ပူးပေါင်းမှုသည် အစိုးရ၊ အစိုးရမဟုတ်သောအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများအားလုံးနှင့်ဖြစ်စေ အချို့နှင့်ဖြစ်စေ ကာလရှည်ကြာ ယုံကြည်ရသော ဆက်ဆံရေးပေါ်တွင် တည်ဆောက်ထားခြင်း ဟုတ်ပါသလား။ မိတ်ဖက်အဖွဲ့အစည်းများနှင့် အကျိုးတူပူးပေါင်းပါဝင် သူများအကြား အုပ်ချုပ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပုံစံစနစ်များသည် သင့်တော်မှုရှိပါသလား။ မိတ်ဖက်များ၏ အခန်းကဏ္ဍနှင့် ပါဝင်မှုသည် တိကျရှင်းလင်း၍ ထိရောက်မှုရှိပါသလား။
- *လျာထား ငွေစာရင်း(ဘတ်ဂျက်) - ဘတ်ဂျက်သည် အထူးသဖြင့် မျှော်မှန်းထားသော ရလဒ်များနှင့် ပတ်သက်၍ စီမံချက်အတွက် အရည်အသွေးနှင့်တန်ဖိုးငွေကြေး မျှတမှုကို ဖော်ဆောင်နိုင်ပါသလား။*